မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၉၃)

အတ္တသမ္မာ ပဏိဓိစ တံ မင်္ဂလ မုတ္တမံ

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

လေဘေးသင့် ပြည်သူများအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လယ်ယာသုံးလက်တွန်းထွန်စက်နှင့် အလှူငွေများပေးအပ်ပွဲကျင်းပ

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး လေဘေးသင့်ဒေသများရှိ ပြည်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ လှူဒါန်းသည့်ငွေကျပ်သိန်း ၉၂၀ တန်ဖိုးရှိလက်တွန်းထွန်စက်အစီး ၁၀၀ အားကုန်တင်ယာဉ်ကြီးများဖြင့်လေဘေးသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

လေဘေးသင့်ပြည်သူများအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က တတိယအကြိမ်မြောက် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးက လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာသုံးလက်တွန်းထွန်စက်၊ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ဆက်လက်ပေးပို့ လှူဒါန်းနိုင်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး အဖွင့်အမှာစကားပြောကြားသည်။

အလှူငွေများလက်ခံ

ထို့နောက် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ ငွေကျပ်သိန်း ၉၂၀ တန်ဖိုးရှိ လက်တွန်းထွန်စက် အစီး ၁၀၀၊ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၉၃၄၂၀၀၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊တပ်ဖွဲ့များမှ အလှူငွေကျပ် ၂၁၇၈၂၀၀၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ အလှူငွေကျပ် တစ်သိန်းနှင့် လားဟူနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ အလှူငွေကျပ် သုံးသိန်းတို့အား အလှူရှင်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက အလှူငွေများကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ချီးမြှင့်ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

အင်းလေးကန်၏ ပတ်ဝန်းကျင်ရေဝေရေလဲဒေသများ၌ သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းတို့ဖြင့် ကန်ပတ်ဝန်းကျင်ဒေသများ အမြဲစိမ်းလန်းစိုပြည်

ရဲလင်းအောင်(အင်းလေး)၏သတင်းဆောင်းပါး စာ - ၁၀

လေဘေးကာလမတိုင်မီက ဆန်အဝင်နှုန်းအတိုင်း ပုံမှန်ဖြစ်လာ မြို့နယ်အချို့က ဆန်များဝင်လာသဖြင့် ဆန်ဈေးနှုန်းကျဆင်း

အောင်သန်း(မင်္ဂလာတောင်ညွန့်)၏ သတင်းဆောင်းပါး စာ - ၁၁

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပြစ်မှုဆိုင်ရာ ဥပဒေမှာ ပါတဲ့ ပြစ်မှုတစ်ခုခုကို အခြား ဥပဒေတစ်ခုခုက မည်သည့် ပြစ်မှုမျိုး ဖြစ်တယ်လို့ သတ်မှတ်လိုက်သည့်တိုင် ပြစ်မှုဆိုင်ရာဥပဒေအရတော့ ပြစ်မှုပါပဲ။ ဘယ်လိုမှ ပြောင်းမသွားပါဘူး။

နိုင်မြင့်(တောင်သာ)၏ ဆောင်းပါး စာ - ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၂၄ ရက်)

မြို့ပြနှင့်ကျေးလက် တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးရေး နိုင်ငံတော်နှင့်အတူ စေတနာရှင်များ လက်တွဲပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဖော်ဆောင်လျက်ရှိသည်။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးလျက်ရှိသကဲ့သို့ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ မြစ်ကူး၊ ချောင်းကူး တံတားများကို နိုင်ငံအနှံ့ ဖောက်လုပ်တည်ဆောက်ပေးခဲ့ရာ ကျေးလက်ပြည်သူများ၏ ကူးသန်းသွားလာမှု လွယ်ကူချောမွေ့နေပြီဖြစ်သည်။

မန္တလေးတိုင်း တောင်သာမြို့နယ် ရုံးတောကျေးရွာ ကျောက်တစ်လုံးရေလှောင်တမံ ရိုးဖြတ်ကူးတံတားသစ်ကို ဇူလိုင် ၁၃ရက်နေ့က ဖွင့်လှစ်ခဲ့ရာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့အပြင် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် လက်စွပ်ကျကျေးလက်လမ်း ကျောက်ချောလမ်းသစ်၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၅) ရပ်ကွက် သုခလမ်း ကတ္တရာလမ်းသစ်၊ တနင်္သာရီတိုင်း မြိတ်မြို့နယ် ကလွင်-တောင်ပြို-ကရုက်ကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် စသည့်ကျေးလက်လမ်းများ ဖွင့်လှစ်ပေးခဲ့သည်။

ထို့အတူ ဒေသအလိုက် အခြေခံပညာကျောင်းဆောင်သစ်များ၊ ကျေးလက်ဆေးပေးခန်းများ၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများကလည်း ကျောင်းသုံးစာရေးကိရိယာများ၊ ဆေးဝါးနှင့် ဝတ်စုံများကို ဝိုင်းဝန်းပါဝင် ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျေးလက်လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခဲ့သဖြင့် ပတ်ဝန်းကျင်ရှိ ကျေးရွာနေပြည်သူများ သွားလာမှုအဆင်ပြေပြီး စီးပွားရေးလုပ်ငန်းများ ပွင့်လန်းကာ ဒေသဖွံ့ဖြိုးတိုးတက်စေခဲ့သည်။

၁၉၈၈ ခုနှစ်က မြို့ပြနှင့်ကျေးလက်လမ်း မိုင်ငါးထောင်ကျော်သာရှိခဲ့ရာမှ ယခုအခါ မိုင်သောင်းချီ၍ ဖြစ်ထွန်းလာပြီဖြစ်၍ ကျေးလက်နှင့် မြို့ပြကူးသန်းသွားလာမှု ပိုမိုအဆင်ပြေနေပြီ ဖြစ်သည်။

ဤသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးများတွင် နိုင်ငံတော်နှင့်အတူ စေတနာရှင်၊ အလှူရှင်များက တစ်တပ်တစ်အား ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြခြင်းဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာဥယျာဉ် အမှတ် ၂၅နေ ပါပါ ဦးကျော်သာမြ-မာမာ ဒေါ်သန္တာဖြူတို့အား ရည်စူး၍ သားသမီးများက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချို၊ ဦးသိန်းထွန်း၊ ဦးထွန်း၊ ဦးသန်းလွင်နှင့် ဦးမောင်မောင်အေးတို့က လက်ခံယူကြသည်။

(အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၄-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၁၅)
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း** (အပိုင်း-၈၈)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **နွားသား မစားရေးမေတ္တာစာ**
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၃၃)

အရှင်စန္ဒသာရ(ကျောင်းကုန်း) ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဇူလိုင် ၂၃

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမရွှေကျင် ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဓမ္မကထိက ဓမ္မာစရိယဆရာတော် အရှင်စန္ဒသာရ(ကျောင်းကုန်း) အရှင်မြတ်သည် ဇူလိုင်၂၀ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်ကြီး၏ ၁၀ရက်အထူးတရားစခန်းပွဲ၊ ဇူလိုင် ၂၃ ရက်မှ ဩဂုတ်၁ရက်အထိ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ၁၀ရက် အထူးတရားစခန်းပွဲတွင် နံနက် ၇နာရီမှ ၈နာရီအထိ ပဋ္ဌာနသမုဒ္ဒါန် သင်တန်းတရားတော်ဟောကြားပြီး ဩဂုတ် ၇ရက်မှ ၁၆ရက်အထိ သာကေတမြို့ အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ၁၀ရက် အထူးတရား စခန်းပွဲကြီးများတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋ္ဌာနသမုဒ္ဒါန် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း-၀၄၆-၄၀၄၉၈၊ ၀၄၆-၄၀၁၆၄နှင့်၀၉-၅၁-၄၇၄၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေအတွက် မိဘနှစ်ပါးဖြစ်ကြသည့် ဖခင် ဦးပါငယ်-မိခင် ဒေါ်သန်းခင်တို့အား ဦးထိပ်ထားလျက် မွန်ပြည်နယ် ဘီလူးကျွန်းချောင်းဆုံမြို့ ကလော့ကျေးရွာနေ ချောင်းဆုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက သီရိမွန်စာပေမှ ကဗျာစာဆိုမင်းမောင်နွယ်(မွန်ဌာနီ)ကိုယ်စား ဦးသန်းလှိုင်(တက္ကသိုလ်သခ်)က အလှူငွေကျပ်၁၈၀၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)တို့က လက်ခံယူကြစဉ်။ (စာပေစာနယ်ဇင်း)

ကိုးဘွဲ့ရ ဆရာတော် ဓမ္မခရီးစဉ်

ရန်ကုန် ဇူလိုင် ၂၃

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ (ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ) သာသနာပြု နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း-ရွှေဟင်္သာ)သည် ဇူလိုင်၂၁ရက်မှ ၂၉ရက်အထိ မိတ္ထီလာမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကိုးည၊ ဇူလိုင်၃၀၊၃၁ရက်တွင် မြိုင်မြို့နယ် လက်ယက်မကျေးရွာ နေ့ကလေးပွဲနှင့် ညလူကြီးတရားပွဲများကို ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လျှောက်လိုသူများသည် ကိုးဘွဲ့ရဆရာတော် ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၅၀-၅၅၁၇၆၊ ၀၇၂-၂၂၁၇၀ ရန်ကုန်နှင့်ကိုးဘွဲ့ရကျောင်း ဖုန်း-၀၁-၇၀၈၄၀၃၊ ၀၉-၅၀-၅၅၈၃၈ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ စီစဉ်သည့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၂၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်

အဆိုပါ ဟောပြောပွဲတွင် ဦးစိုးမြင့်(အငြိမ်းစားညွှန်ကြားရေးမှူးချုပ် စွမ်းအင်စီမံကိန်းဦးစီးဌာန)က **Energy and Geopolitics-Myanmar** ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ဧရာဝတီတိုင်းအတွင်း၌ မီးနှင့် အလုံးစုံအန္တရာယ် အာမခံထားရှိသူများအား မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးငွေများကို ဇူလိုင် ၂၁ရက်က ဧရာဝတီတိုင်း တာဝန်ခံ ဒေါ်ချိုချိုဝင်းက အာမခံထားသူများကိုယ်စား မြဝတီဘဏ်မန်နေဂျာ(ပုသိမ်)ထံ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ဇူလိုင် ၂၀ရက်က ဗဟန်းမြို့နယ် ကြားတောရ ရပ်ကွက်ရှိ မဟာဓေယျ အတုလ မာရဇိန် ကြေးသွန်းဘုရားကြီး ရင်ပြင်၌ ကျင်းပသော ဂေါပကအဖွဲ့၏ (၉၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူရှင်လှူဒါန်းမှုအစုစုအတွက် ရေစက်ချမင်္ဂလာ အခမ်းအနား၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ဃ)အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော် အားကစားပြိုင်ကွင်း အမှတ်(၁)နှင့် ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော် အားကစားပြိုင်ကွင်း အမှတ်(၁)၌ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစားဝါသနာရှင်များ တပျော်တပါး တက်ရောက် ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

နေပြည်တော်အားကစားပြိုင်ကွင်း အမှတ်(၁)၌ကျင်းပသော ပွဲစဉ်တွင် အားကစားဝန်ကြီးဌာနအသင်းက သမဝါယမဝန်ကြီးဌာနအသင်းကို အနိုင်ရရှိသွားသည်။

အလားတူ ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းကို အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ်မီ မီးသတ်စခန်းသစ် ဆောက်လုပ်မှု ပန္နက်တင်

ရန်ကုန် ဇူလိုင် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ်တွင် တည်ဆောက်မည့် ခေတ်မီ ငါးယူနစ် နှစ်ထပ်စခန်းဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားသို့ တက်ရောက် ပန္နက်တင်ပေးသည်။

ဖြည့်စွက်မှာကြား

အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် အရာရှိကြီးများ၊ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သူရိန်သွေး ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဒုတိယဝန်ကြီးအား မီးသတ်စခန်းသစ်တည်ဆောက်ရေးနှင့်စပ်လျဉ်းပြီး သူရိန်သွေး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပက်ဖျန်းပေး

ဆက်လက်၍ ဒုတိယဝန်ကြီး၊မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ မင်္ဂလာပန္နက်တင်ပေးကြပြီး ပန္နက်တိုင်များအား နံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ ပန္နက်တင်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မီးသတ်ဦးစီး)**

● ရှေ့ဖုံးမှ

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အသီးသီးရှိ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စေတနာရှင် ပြည်သူများက စုစုပေါင်း ငွေကျပ် ၃၁၃၇၇၀၀ တန်ဖိုးရှိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများအား အသီးသီး ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူငွေများကို လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် လေဘေးသင့် ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် လယ်ယာသုံး လက်တွန်းထွန်စက် အစီး ၁၀၀ အား ကုန်တင်ယာဉ်ကြီးများဖြင့် လေဘေးသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၈ရက်(ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဥပုသ်သည်ငါးဦး** တရားတော် (အပိုင်း-၁) (ဆရာတော်အရှင်ပုညာနန္ဒ)
၇:၅၅-၁:၅၅	နိဗ္ဗာန်ဆီသို့.... အမေးအဖြေများ
၈:၁၅-၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀-၂:၂၀	ပြည်တွင်းအနုပညာရေးရာ
၈:၄၅-၂:၄၅	ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (တွံတေး၊ကော့မှူး)
၉:၀၀-၃:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀-၃:၁၀	စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၀-၃:၃၀	ရှေးဟောင်းလက်ရာများနှင့် သုမဓ္မာရာမ(ပိန်းဇလုပ်မြို့မှ သုမဓ္မာရာမပရိယတ္တိစာသင်တိုက်)
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	အရည်အသွေးထူးခြား Daewoo လျှပ်စစ်ပစ္စည်းများ
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ကော်ကြော်ပြုလုပ်နည်း)
၁၀:၄၀-၄:၄၀	Activities in the City (အမေ့အိမ် ပညာရေး ဝန်ဆောင်မှုအလှူငွေ ပေးအပ်ပွဲအခမ်းအနား)
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဥမ္မာကျော်နှင့် တွေ့ဆုံခြင်း)
၁၁:၃၅-၅:၃၅	နှင်းဆီပင်စိုက်ကြရအောင်
၁၁:၅၀-၅:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅-၅:၅၅	Yangon Panorama (ကျော်ဟိန်းရဲ့ နောက်ဆုံးတွေထဲက ပထမဆုံးပေးဆပ်ပွဲ)
၁၂:၁၀-၆:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅-၆:၁၀၅	စားချင်ဖွယ်ရာပြုလုပ်ထားကံရိုးရှာက မုန့်ဟင်းခါးဖတ်ခြောက်များ
၁၂:၂၅-၆:၂၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အမေ့ချစ်သူ ကျွန်တော့်ပထွေး** ဗီဒီယိုဇာတ်ကား ရိုက်ကွင်းအမှတ်တရ
၁၂:၄၅-၆:၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၄)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၇-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် ဩဂုတ်လအတွက်

(၁၀-၈-၂၀၀၈)ရက်နေ့

နှင့်

(၃၁-၈-၂၀၀၈)ရက်နေ့

STI Education မှ ငွေကျပ်သိန်း ၈၀ ဆုချီးမြှင့်မည့် စကားရည်လုပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

STI Education သည် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီး အသက် ၁၆ နှစ်မှ ၁၈နှစ်အတွင်းရှိ စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အင်္ဂလိပ်ဘာသာစကားဖြင့် စကားရည်လုပွဲနှင့် စာစီစာကုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဇူလိုင် ၂၇ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအတွင်း ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပရသည့် အဓိကရည်ရွယ်ချက်မှာ ကျောင်းသားများ၏ ပင်ကိုစွမ်းရည်မြှင့်တင်ရန်၊ ရုတ်တရက်မေးသည့် မေးခွန်းကို မိမိ၏ စဉ်းစားဉာဏ်ဖြင့် ချက်ချင်းပြန်လည်ဖြေဆိုနိုင်၊ ချေပနိုင်မည့် နည်းပညာရပ်နှင့် အကျွမ်းတဝင်ရှိစေရန် ဖြစ်သည်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိသည့် ခေါင်းစဉ်တစ်ခုကို ခိုင်လုံသည့်တင်ပြချက်၊ လုံလောက်သည့်အထောက်အထားများဖြင့် ပုံပိုးပြောဆိုတင်ပြခြင်းဖြစ်သည်။ ထိုသို့ပြောဆိုရာ၌ မေးခွန်း၏ Positive နှင့် Negative ကဏ္ဍကို ပါဝင်ယှဉ်ပြိုင်သူ ကျောင်းသားများက မဲနှိုက်၍ ယှဉ်ပြိုင်မည်ဖြစ်သည်။

အကဲဖြတ်အဖွဲ့

ယင်းသို့ပြောဆိုနိုင်ရန်အတွက် လိုအပ်သည့် အတွေးအခေါ် အယူအဆများ တွေးခေါ်ခြင်း၊ မဟာဗျူဟာချမှတ်ခြင်း၊ သင့်တော်မည့်အတွေးအခေါ်ကို ကျိုးကြောင်းလျော်ညီအောင် တင်ပြနိုင်ခြင်းတို့အပေါ် သက်ဆိုင်ရာအကဲဖြတ်အဖွဲ့မှ အမှတ်ပေးဆုံးဖြတ်မည်ဖြစ်သည်။

ယှဉ်ပြိုင်မည့် ကျောင်းသားများအနေဖြင့် ပြောဆိုရမည့် အကြောင်းအရာနှင့် Positive သို့မဟုတ် Negative ကဏ္ဍ Positive နှင့် Negative ကိုသိပြီး ငါးမိနစ်မှ ၁၀မိနစ်အတွင်း သက်ဆိုင်ရာအဖွဲ့လိုက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကဲဖြတ် ဆုံးဖြတ်ရာ၌ ပြိုင်ပွဲဝင် ကျောင်းသားများ၏ အသံနေ အသံထား လှုပ်ရှားပြုမူပုံ၊ အချိန်စီမံပုံ၊ ပြောဆိုသည့် နှုန်း၊ ဝတ်စားဆင်ယင်ပုံ၊ ဟာသဉာဏ်ရှိပုံနှင့် တက်ရောက်သူများက မေးသည့် မေးခွန်းများအား ပိုင်ပိုင်နိုင်နိုင် ပြန်လည်ဖြေဆိုနိုင်သည့်အပေါ်တွင် မူတည်၍ အမှတ်ပေးသွားမည်ဖြစ်သည်။

စာရင်းပေးသွင်း

ပြိုင်ပွဲ၌ အသက်အလိုက် အုပ်စုများ ခွဲခြားထားပြီး ပထမဆုအား ငွေကျပ် ၁၂သိန်းနှင့် ဒုတိယဆု ငွေကျပ်ကိုးသိန်းတို့ကို ပြိုင်ပွဲအပြီးတွင် ကြေညာ၍ ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် STI မှ ကျောင်းသားများနှင့် အခြားစိတ်ပါဝင်စားသည့် ကျောင်းသားများ နောက်ဆုံးအဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး လာရောက်ကြည့်ရှုရန် စိတ်ပါဝင်စားသူ မည်သူမဆို အမှတ် ၃၇၇ ရွှေဘုံသာ(အထက်)လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၅၀၇၁၅၂၊ ၂၅၀၀၅၆ နှင့် ၇၀၀၂၇၃ ရန်ကုန်မြို့တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

STI Education သည် Diploma in Business Information Systems, Diploma in TESOL, Diploma in Business Management, Diploma in Logistics Management, Diploma in Supply Chain Management, Certificate in English Communication Skills သင်တန်းများကို Association of Managers & Administrators (UK), International Professional Managers Association (UK),SIMM (Singapore), Queensfield Business School(Singapore), London Teacher Training College (UK)တို့နှင့်ပူးပေါင်း၍ ပြည်တွင်းပြည်ပ ဝါရင့်ဆရာများက တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများမှစ၍ ဘွဲ့ရအထိ သင်ကြားပေးနေကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနှ ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိ

ရန်ကုန် ဇူလိုင် ၂၃

ဇူလိုင် ၂၂ရက်က ကမ္ဘာ့ရာသီဥတုအခြေအနေကို လေ့လာဆန်းစစ်ကြည့်ရာ မက္ကဆီကိုနိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့တွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ အာဂျင်တီးနားနှင့် ချီလီနိုင်ငံနယ်စပ်တွင် ဆီးနှင်းထူထပ်စွာကျဆင်းခြင်း၊ ထိုင်းနိုင်ငံတွင် လေပြင်းတိုက်ခတ်၍ မိုးရွာခြင်းများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇူလိုင် ၂၃ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို လေ့လာကြည့်လျှင် မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဇူလိုင် ၂၃ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၇၉ လက်မ	**သထုံ**	၃ ဒသမ ၃၁ လက်မ
ဘားအံ	၂ ဒသမ ၃၂ လက်မ	**မော်လမြိုင်**	၂ ဒသမ ၂၉ လက်မ
တောင်ကြီး	၂ ဒသမ ၂၀ လက်မ	**ခန္တီး**	၂ ဒသမ ၀၉ လက်မ
စစ်တွေ	၁ ဒသမ ၈၆ လက်မ		

ဇူလိုင် ၂၄ရက် **(ယနေ့)** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၂၄ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေအား

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ရှေ့နှစ်ကမ္ဘာ့အလှမယ်ပြိုင်ပွဲ ဗီယက်နမ်၌ ကျင်းပမည်

ဟန္နိုင်း ဇူလိုင် ၂၃

၂၀၀၉ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ကမ္ဘာ့အလှမယ်ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘာရီရာဗင်တူ ပြည်နယ်၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်းများစွာမှ အလှမယ် ၁၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြဖွယ်ရှိသည်။

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၃-၇-၂၀၀၈

ပေကျင်းအိုလံပစ်ဖွင့်ပွဲ ကျင်းပစဉ် လေကြောင်းခရီးစဉ်များခေတ္တရပ်ဆိုင်းမည်

ပေကျင်း ဇူလိုင် ၂၃

တရုတ်နိုင်ငံပေကျင်းမြို့၌ အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ဩဂုတ် ၈ ရက်ညတွင် ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၏ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများကို ည ၇ နာရီမှ သန်းခေါင်ယံ အထိ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ ကဏ္ဍတစ်ရပ်အနေဖြင့် အာဏာပိုင်အဖွဲ့မှ အတည်ပြုပြောကြားခြင်းဖြစ်သည်။ ၎င်းနေ့တွင် ခရီးသည်များ၏ လေကြောင်းခရီးစဉ် အချိန်ဇယားများကို ပြင်ဆင်ထားရှိပြီးဖြစ်သည်။

ကနေဒါ၌ အထပ်မြင့်အဆောက်အအုံ မီးလောင်မှုဖြစ်ပွား

အော့တာဝါ ဇူလိုင် ၂၃

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ အထပ်မြင့်အဆောက်အအုံတစ်ခု၏ မြေအောက် လျှပ်စစ်ခန်းအတွင်း၌ ဇူလိုင် ၂၁ ရက်ညပိုင်းက ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ မိသားစုဝင် ၁၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ယင်းဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်လျက်ရှိရာ တပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိသွားကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဆွစ်ဇာလန် ပြည်ပပို့ကုန်မြင့်တက်

ဂျီနီဗာ ဇူလိုင် ၂၃

ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ယခုနှစ်ဝက်အတွင်း ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၄၂ သန်းရရှိခဲ့ရာ ယမန်နှစ်အလားတူကာလကထက် ၆၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ယင်းမှာ ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း အမြင့်မားဆုံးဖြစ်ကြောင်း၊ ပါကစ္စတန်နိုင်ငံသည် ဆွစ်ဇာလန်နိုင်ငံ၏ အဓိကကုန်ပစ္စည်းတင်ပို့ရာနိုင်ငံဖြစ်ကြောင်း ဆင်ဟွာကဖော်ပြသည်။

မြေအောက်မိုင်းတွင်း၌ ရေလွှမ်းမှု ၃၆ဦး ပိတ်မိနေ

ကွမ်စီကျွမ့် ဇူလိုင် ၂၃

တရုတ်နိုင်ငံ ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဇူလိုင် ၂၁ ရက် ညနေပိုင်းက ရေလွှမ်းမှုဖြစ်ပွားရာ ၎င်းဒေသတွင် မြေအောက်မီတာ ၂၀၀၀ ခန့်ရှိ နန်ဒူမိုင်းတွင်း၌ အလုပ်သမား ၅၆ ဦး တာဝန်ထမ်းဆောင်နေရာမှ ပိတ်မိနေခဲ့ကြောင်း၊ မိုင်းတွင်းအလုပ်သမား ခုနစ်ဦးမှာ လွတ်မြောက်လာပြီး ကယ်ဆယ်ရေးအဖွဲ့မှ ၁၃ ဦးကို ကယ်တင်နိုင်ခဲ့သည်။ အဆိုပါမြေအောက်မိုင်းတွင်း၌ အလုပ်သမား ၃၆ ဦး ပိတ်မိနေသေးကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ဥရောပယဉ်ကျေးမှုဆိုင်ရာ အစည်းအဝေး ပါရီ၌ကျင်းပ

ပါရီ ဇူလိုင် ၂၃

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဥရောပယဉ်ကျေးမှုဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တွင် ကျင်းပခဲ့ရာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံမှ ယဉ်ကျေးမှုဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ ယင်းအစည်းအဝေး၌ ရှေးဟောင်းပစ္စည်းများ တရားမဝင် ကုန်သွယ်မှုနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများအချင်းချင်း ယဉ်ကျေးမှုနည်းပညာများ ဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ကိုလံဘီယာ၌ ယာဉ်မတော်တဆမှုဖြစ်ပွား

ဘိုဂိုတာ ဇူလိုင် ၂၃

ကိုလံဘီယာနိုင်ငံတောင်ပိုင်း နာရီလိုပြည်နယ်ရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ဘတ်စ်ကားတစ်စီး လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးပြီး ၂၁ ဦးဒဏ်ရာရရှိသွားခဲ့သည်။ ဘတ်စ်ကားတိမ်းမှောက်မှု ဖြစ်ပွားချိန်တွင် ခရီးသည် အားလုံးနီးပါးမှာ အိပ်ပျော်နေကြပြီး မြူခိုးများ ထူထပ်စွာ ကျဆင်းလျက်ရှိကြောင်း သိရသည်။

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွား

ဗန်ကောက် ဇူလိုင် ၂၃

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ထိုင်းတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မိနစ်၂၀အတွင်း အကြမ်းဖက်သမားများ၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ် ထပ်မံဖြစ်ပွားရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦး ပြင်းထန်စွာဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး /လေ အခြေအနေ

ဟောင်ကောင် ဇူလိုင် ၂၃

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇူလိုင် ၂၃ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၄°C	တိမ်ထူထပ်
တောင်ကိုရီးယား	ဆိုးလ်	၂၈°C	တိမ်ထူထပ်
ဂျပန်	တိုကျို	၃၃°C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟန္နိုင်း	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ထိုင်း	ဗန်ကောက်	၃၄°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၁°C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၄°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၃°C	တိမ်ထူထပ်
ဩစတြေးလျ	ဆစ်ဒနီ	၁၆°C	သာယာ

(အင်တာနက်)

ပါကစ္စတန်ရှိ အယ်လ်ခိုင်ဒါပစ်မှတ်များ တိုက်ခိုက်မည်ဟု အိုဘားမားပြောကြား

ဝါရှင်တန် ဇူလိုင် ၂၃

အကြမ်းဖက်အုပ်စုများရှိကြောင်း အသေအချာသတင်းရလျှင် ပါကစ္စတန်နိုင်ငံတွင်း၌ပင်ရှိပါစေ မိမိတို့အစိုးရက အဆိုပါအယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ဝင်များကို တိုက်ခိုက်မည်ဖြစ်ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားက ပါကစ္စတန်နိုင်ငံအား သတိပေးပြောကြားလိုက်သည်။

သွားရောက်လည်ပတ်

မိမိဆိုလိုသည်မှာ အယ်လ်ခိုင်ဒါပစ်မှတ်များ ပါကစ္စတန်နိုင်ငံအတွင်းရှိနေပြီး ပါကစ္စတန်အစိုးရက လိုက်လံချေမှုန်းရန် ဆန္ဒမရှိလျှင် မိမိတို့ကတိုက်ခိုက်ချေမှုန်းရလိမ့်မည်ဟု ပြောကြားခြင်းဖြစ်ကြောင်း လောလောဆယ် အာဖဂန်နစ္စတန်နှင့်အီရတ်နိုင်ငံတို့သို့ သွားရောက်လည်ပတ်သည့် အိုဘားမားက ပြောကြားသည်။

ယခုအခါ ယင်းသို့ဖြစ်လာမည်ဟု မိမိမမျှော်လင့်ကြောင်း၊ အိုစမာဘင်လာဒင်ကို မိမိတို့တွေ့လျှင် ပစ်ခတ်ခြင်းသို့မဟုတ် ဖမ်းဆီးမည်ကို ပါကစ္စတန်အစိုးရက လက်ခံထားပြီးဖြစ်မည်ဟုလည်း အီလီနွိုက်ပြည်နယ် အထက်လွှတ်တော်အမတ်နှင့် ဒီမိုကရက်တစ် သမ္မတလောင်း အိုဘားမားက ပြောကြားသည်။

တိုက်တွန်း

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် နှစ်နိုင်ငံနယ်စပ်တည်ငြိမ်ရေးကို ပါကစ္စတန်အစိုးရအနေဖြင့် ယခုထက်ဆောင်ရွက်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က တိုက်တွန်းအပြီးတွင် အိုဘားမားက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နီပေါနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ရမ်ဘာရန်ယာဒက်အား လွှတ်တော်ကရွေးချယ်

ခတ္တမန္ဒူ ဇူလိုင် ၂၃

နီပေါနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် နီပေါကွန်ဂရက်ပါတီမှ ရမ်ဘာရန်ယာဒက်အား နီပေါတိုင်းပြုပြည်ပြုလွှတ်တော်က ဇူလိုင် ၂၁ ရက်၌ ရွေးချယ်လိုက်သည်။

ထောက်ခံမဲ

သူပုန်ဟောင်းများ ထောက်ခံသည့် ရမ်ရာဂျာပရာဆပ်ဆင်းအားမရွေးဘဲ တိုင်းပြုပြည်သူ့လွှတ်တော်က ရမ်ဘာရန်ယာဒက်အား ထောက်ခံမဲ ၃၀၈ မဲဖြင့် ရွေးချယ်လိုက်ကြခြင်းဖြစ်သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် အမတ်ဦးရေစုစုပေါင်း ၅၉၀ ရှိသည်။

တွေ့ဆုံ

သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးလျှင် ပြီးချင်း ရမ်ဘာရန်ယာဒက်က သူ၏နိုင်ငံရေးဆရာသမား အသက် ၈၃နှစ်ရှိ ဝန်ကြီးချုပ်ပရာဆပ်ကွိုင်ရာလာအား တွေ့ဆုံသည်။

ပြောကြား

ဤသည်မှာ ဒီမိုကရေစီနှင့်နီပေါပြည်သူတို့၏ အောင်ပွဲတစ်ရပ်ဖြစ်ကြောင်း ဝန်ကြီးချုပ်နှင့်တွေ့ဆုံအပြီးတွင် သမ္မတသစ် ရမ်ဘာရန်ယာဒက်က သတင်းထောက်များအား ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ယာဉ်တိုက်မှုဖြစ်ပွား

ပီရူးနိုင်ငံ လီမာမြို့ မြောက်ပိုင်း ၄၆မိုင်အကွာရှိ အဝေးပြေးလမ်းမပေါ်၌ ခရီးသည်တင် ဘတ်စ်ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်မှုဖြစ်ပွားသည်ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။
(ယင်းဖြစ်ပွားမှုကြောင့် ခရီးသည် ၂၂ဦးသေဆုံးခဲ့သည်။)
(အင်တာနက်ဓာတ်ပုံ)

ဒီဇိုင်းသစ်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အရောင်းပြခန်း တစ်ခု၌ နောက် ဆုံး ပေါ် ဒီဇိုင်းသစ် မော်တော် ဆိုင် ကယ်အား အရောင်း ဝန်ထမ်း တစ်ဦးက ပြသနေသည်ကို ဇူလိုင်၂၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဂျေရုဆလင်မြို့တွင် မြေထိုးစက်ဖြင့်တိုက်ခိုက်မှု ဒုတိယအကြိမ် ထပ်မံဖြစ်ပွား

ဂျေရုဆလင် ဇူလိုင် ၂၃

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် ဇူလိုင်၂၁ရက်က အမေရိကန်ဒီမိုကရက်တစ်သမ္မတလောင်း ဘာရက်ခ်အိုဘားမား တည်းခိုမည့် ဟိုတယ်အနီးတွင် မြေထိုးစက်ယာဉ်မောင်းတစ်ဦးက မြေထိုးစက်ကို မောင်းနှင်ကာ ဝရုန်းသုန်းကား လိုက်လံတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ယာဉ်များစွာ ထိခိုက်ပျက်စီးခဲ့ကာ အဆိုပါယာဉ်မောင်းမှာလည်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်သတ်ခံရပြီး သေဆုံးခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်က ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်အား လက်ခံတွေ့ဆုံခဲ့ရာ ပီရက်စ်၏ရုံးခန်းနှင့် မိုင်ဝက်မျှပင်မဝေးသောနေရာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း ရဲအဖွဲ့က ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖြစ်ရပ်သည် ဂျေရုဆလင်အနောက်ပိုင်း၌ တစ်လမျှပင် မကြာသေးသောအချိန်အတွင်း ဒုတိယအကြိမ် မြေထိုးစက်ယာဉ်မောင်း၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်။ ယင်းသို့တိုက်ခိုက်မှုကြောင့် ၁၁ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် တစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရသည်ဟု ဆိုသည်။ အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်ဝန်း၌ နေစွမ်းအင်တိုးမြှင့်ထုတ်လုပ် ၂၀၁၂ခုနှစ်၌ မဂ္ဂါဝပ်ဖ၄၀၀ရရှိရေး မျှော်မှန်း

ဝါရှင်တန် ဇူလိုင် ၂၃

ကမ္ဘာတစ်ဝန်းလုံးတွင် နေရောင်ခြည်စွမ်းအင်နည်းပညာဆိုင်ရာ အတွေ့အကြုံများ တိုးတက်ကောင်းမွန်လာခဲ့ရာ ၂၀၀၇ခုနှစ်၌ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၁၀၀ကို တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း ဝါရှင်တန်အခြေစိုက် နေစွမ်းအင်အသုံးချရေးနည်းပညာအဖွဲ့က ပြောကြားသည်။

မျှော်မှန်း

လာမည့် ငါးနှစ်အတွင်း ၁၆လလျှင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား နှစ်ဆစီ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကာ ၂၀၁၂ခုနှစ်အရောက်၌မဂ္ဂါဝပ်ဖ၄၀၀ထုတ်လုပ်ရှိရန် မျှော်မှန်းထားသည်။

အများဆုံး

အမေရိကန်နှင့် စပိန်နိုင်ငံတို့မှာ ကမ္ဘာပေါ်တွင် နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အများဆုံးနိုင်ငံများ ဖြစ်ကြသည်။

(အင်တာနက်)

နည်း ပညာ သိပ္ပံ

ကမ္ဘာ့အမြန်ဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံးကားထုတ်လုပ်

လန်ဒန် ဇူလိုင် ၂၃

ဓာတ်ဆီနှင့်ဒီဇယ်စွမ်းအင်များ အသုံးမပြုဘဲ ဟိုက်ဒရိုဂျင်စွမ်းအင်ကိုသာ အသုံးပြုထားသည့် ကမ္ဘာ့အမြန်ဆုံး မော်တော်ယာဉ်အမျိုးအစားကို ဗြိတိန်နိုင်ငံ ဘာမင်ဂန်တက္ကသိုလ်မှ သုတေသနပညာရှင်များ တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ဘာမင်ဂန်တက္ကသိုလ်မှ ဇူလိုင် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

မာဇဒါအမျိုးအစား အဆိုပါဟိုက်ဒရိုဂျင်စွမ်းအင်သုံး မော်တော်ကား၏ အင်ဂျင်မှာ ယခင်သုံးစွဲနေကျ အင်ဂျင်ကို အခြေခံပြီး ပြုပြင်တီထွင် ပြောင်းလဲထားခြင်းဖြစ်သည်။ ဘာမင်ဂန်တက္ကသိုလ်မှ သုတေသနပညာရှင်များအနေဖြင့် အဓိကတာဝန်ယူ ထုတ်လုပ်နိုင်ခဲ့သော်လည်း ဂျပန်နိုင်ငံ နစ်ဆန်းကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦး၏ ပံ့ပိုးမှုကို ရယူခဲ့ရသည်။

ကောင်းမွန်

အဆိုပါ မော်တော်ယာဉ်သည် တစ်နာရီလျှင် ၁၄၅မိုင်နှုန်းအထိ မောင်းနှင်နိုင်ပြီး ဟိုက်ဒရိုဂျင်လောင်စာစွမ်းအင်အပြည့်အတိုင်းမောင်းနှင်နိုင်ကြောင်း၊ ယခင်က ထုတ်လုပ်ခဲ့သော ဟိုက်ဒရိုဂျင်စွမ်းအင်သုံး မော်တော်ယာဉ် အမျိုးအစားများထက် အင်ဂျင်အားပိုမိုကောင်းမွန်ကြောင်း သိရသည်။

ဟိုက်ဒရိုဂျင်စွမ်းအင်သုံး မော်တော်ယာဉ်များအနေဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကိုလည်း မထိခိုက်စေသည့်အပြင် စွမ်းအင်အခက်အခဲလည်း ဖြေရှင်းပြီးသားဖြစ်ကြောင်း၊ လာမည့်နှစ်အနည်းငယ်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဈေးကွက်များသို့ ဖြန့်ဖြူးသွားမည်ဖြစ်သည်။ (အင်တာနက်)

ဘရာဇီး၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်း

ရီယိုဒီဂျနေရိုး ဇူလိုင် ၂၃

ဘရာဇီးနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်ကို ဇူလိုင်၂၂ရက်၌ ဘရာဇီးသမ္မတ လူလာဒါဆီလ်ဗာက သဘောတူ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

သတ်မှတ်ချက်

ဥပဒေသစ်တွင် မည်သည့်လူပုဂ္ဂိုလ်သို့တည်းမဟုတ် မည်သည့်အဖွဲ့အစည်းမဆို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အစိုးရအဖွဲ့၏ သတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်သည်ဟု စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၆၂၅၀၀ကို လေးလအတွင်း ပေးချေရမည်ဖြစ်သည်။

ဥပဒေသစ်

ထို့ပြင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေကို ချိုးဖောက်ပါက ထောင်ဒဏ်ချမှတ်နိုင်ကြောင်းလည်း ဥပဒေသစ်တွင် ပါရှိသည်။ ယခင်က ပြစ်ဒဏ်များကို တစ်ဆင့်ပြီးတစ်ဆင့် စစ်ဆေး၍ ချမှတ်ထားသော ဒဏ်ငွေများကို ငါးနှစ်အတွင်း အပြီးပေးချေခွင့် ပြုထားခဲ့သည်။ (အင်တာနက်)

နည်းလမ်းကတော့. . . ဘဝအမောပြေ

တစ်ချိန်က ကိုယ်အလေးချိန်များပြီး အလွန်ဝဖြိုးခဲ့သည့် အိမ်ထောင်သည် အမျိုးသမီးတစ်ဦးကို ခန္ဓာကိုယ်သွယ်လျပြီး ပုံစံပြောင်းသွားသဖြင့် မိတ်ဆွေအမျိုးသမီးက အောက်ပါအတိုင်း မေးမြန်းလေသည်-

မိတ်ဆွေ ။ ။ နင်အရမ်းကြည့်ကောင်းသွားတယ်။ အရင်လို ဝတုတ်ကြီး မဟုတ်တော့ဘူး။
အိမ်ထောင်သည် ။ ။ အေးဟုတ်တယ်…
မိတ်ဆွေ ။ ။ နင် ဘယ်လိုလေ့ကျင့်ခန်းတွေလုပ်လဲ… ငါ့ကိုလဲ မျှပေးပါဦး။
အိမ်ထောင်သည် ။ ။ ဒီလိုပါပဲဟာ… စနစ်တကျနည်းလမ်းနဲ့တော့ မဟုတ်ပါဘူး။
မိတ်ဆွေ ။ ။ ပြောစမ်းပါ…နင်ကလဲ…ငါလဲ အဲဒီနည်းအတိုင်း လုပ်မလို့…
အိမ်ထောင်သည် ။ ။ ကိုယ့်နည်းကိုယ်ဟန်သာလုပ်စမ်းပါဟယ်…
မိတ်ဆွေ ။ ။ လျှို့မနေပါနဲ့ …ပြောစမ်းပါဟာ
အိမ်ထောင်သည် ။ ။ ကဲ…ဒီလောက်သိချင်ရင် နားထောင်… "ငါ့ခင်ပွန်း နောက်မိန်းမယူသွားလို့အေ့"
မိတ်ဆွေ ။ ။ **"ဟယ်"**

ဘဝဒဿနအမြင်

* *If a man be endowed with a generous mind, this is the best kind of nobility.*
အကယ်၍ လူတစ်ဦးတွင် မွန်မြတ်သောစိတ်ထားရှိနေခဲ့လျှင် ယင်းမွန်မြတ်မှုသည် အကောင်းဆုံးအမျိုးအစားဖြစ်သည်။

ပလေတို (ဂရိလူမျိုးအတွေးအခေါ်ပညာရှင်)

* *Tell a lie, and find the truth.*
လိမ်ညာပြောပြီးလျှင် အမှန်တရားကိုရှာဖွေပါ။

ဂျိုးဇက်ပရက်စလေ
(အင်္ဂလိပ်လူမျိုးဘာသာရေးသမားနှင့်အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အင်တာနက် ကျန်းမာရေး

ဆေးရွက်ကြီးမှ ထုတ်ယူရရှိသည့်ဆေး ကင်ဆာရောဂါကုသရာတွင် အထောက်အကူပြု

နယူးယောက် ဇူလိုင် ၂၃

ဆေးရွက်ကြီးပင်မှ ထုတ်ယူရရှိသော ဓာတ်ပေါင်းသည် ကင်ဆာရောဂါကိုကုသရာတွင် အထောက်အကူပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ဇူလိုင် ၂၂ရက်၌ ထုတ်ဖော်ပြောကြားသည်။

ထိရောက်မှုရှိ

ဆေးရွက်ကြီးတွင် ပါဝင်သောဓာတ်ပေါင်းကို အသုံးပြုပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများ၌ ဖြစ်ပွားလေ့ရှိသော ကင်ဆာရောဂါများကို ကုသရာတွင် ထိရောက်မှုရှိကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ကင်ဆာဆဲလ်များတိုက်ဖျက်နိုင်

ဆေးရွက်ကြီး၌ ပဋိဇီဝပစ္စည်းများပါရှိပြီး ကင်ဆာဆဲလ်များ မပြန့်ပွားအောင် ထိန်းချုပ်နိုင်ကြောင်း၊ ထို့အပြင် ရောဂါဖြစ်ရန် အခြေပြုလာသော ကင်ဆာဆဲလ်များစုဖွဲ့မှုကိုလည်း တိုက်ဖျက်နိုင်ကြောင်း သိရသည်။ သုတေသနပြုချက်အရ ဆေးရွက်ကြီးမှထုတ်ယူရရှိသောဆေးသည် ကင်ဆာရောဂါဖြစ်ပွားနေသော ဝေဒနာရှင်များကို သက်သာအောင်စွမ်းဆောင်ပေးနိုင်သည်ဟု ၎င်းတို့က ပြောကြားသည်။

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကံကြမ္မာကို ယိုးမယ်မဖွဲ့လိုသော်လည်း…

ဂလပ်စကိုမြို့သည် စကော့တလန်နိုင်ငံ တောင်ပိုင်းကမ်းရိုးတန်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သည်။ လူဦးရေ ကိုးသိန်းနီးပါးနေထိုင်ပြီး ရောင်းဝယ်ဖောက်ကား စည်ကားလှသော မြို့ကြီးဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သဖြင့် ကုန်းကြောင်း၊ ရေကြောင်းများဖြင့် သွားလာဆက်သွယ်၍ အဆင်ပြေသော မြို့ကြီးတစ်မြို့လည်းဖြစ်သည်။

သာယာချမ်းမြေ့

ဂလပ်စကိုမြို့ ရှိုင်စတန်အရပ်တွင် အသက်၄၆နှစ်ရှိ အရှေ့ခ်ကယ်လ်ယန်ဂျီ နှင့် အသက်၄၁နှစ်ရှိ ဂီဆယ်လီရှော့စ်တို့ ဇနီးမောင်နှံ နေထိုင်ကြသည်။ ကယ်လ်ယန်ဂျီသည် အသက် ၃၆နှစ်အရွယ် ၁၉၉၈ခုနှစ်က သူ့ထက်ငါးနှစ်ငယ်သော ဂီဆယ်လီရှော့စ်ဆိုသည့် အမျိုးသမီးနှင့်လက်ထပ်ခဲ့သည်။ သူတို့ ဇနီးမောင်နှံတွင် ဇနီးသည်က အသက်ငယ်သော်လည်း ကယ်လ်ယန်ဂျီ၏ ယောကျ်ားပီသကာ အနေအထိုင်တည်ကြည်မှုကြောင့် အိမ်ထောင်ရေးမှာ သာယာချမ်းမြေ့ခဲ့သည်။

ပိုမိုပြည့်စုံ

ကယ်လ်ယန်ဂျီနှင့် ဂီဆယ်လီတို့သည် အိမ်ထောင်သက် သုံးနှစ်ရသည်အထိ လွတ်လပ်စွာနေခဲ့ကြသည်။ ထို့နောက် သားသမီးယူခဲ့ကြရာ ၂၀၀၂ခုနှစ်တွင် သားကြီး ပေါလ်ရှော့စ်နှင့် ၂၀၀၆ခုနှစ်တွင် သားငယ်ဂျေရှော့စ် **(အပေါ်ယာပုံ)**တို့ကို မွေးဖွားခဲ့ကြသည်။ အိမ်ထောင်သက် ကိုးနှစ်ရသည့် ၂၀၀၇ခုနှစ်အထိ သူတို့ဇနီးမောင်နှံ နှစ်ဦး၏ အိမ်ထောင်ရေးမှာ သာယာစိုပြည်ခဲ့သည်။ ချစ်စဖွယ် ငါးနှစ်အရွယ်သားကြီး ပေါလ်ရှော့စ်နှင့် တစ်နှစ်ခွဲကျော်ရှိသားငယ် ဂျေရှော့စ်တို့ကြောင့်လည်း သူတို့ဇနီးမောင်နှံ၏ ဘဝမှာ ပိုမိုပြည့်စုံသလိုရှိခဲ့သည်။

သစ္စာတရားကြီးမားသူ

ကယ်လ်ယန်ဂျီသည် အိမ်ထောင်မကျမီကပင် အငှားကားယာဉ်မောင်းတစ်ဦး ဖြစ်သည့်အတွက် အိမ်ထောင်ပြုပြီးသည့်နောက်တွင်လည်း သူကျွမ်းကျင်သော ကားကိုသာ ဆက်မောင်းခဲ့လေသည်။ အိမ်ထောင်သက် ၁၀နှစ်အတွင်းသို့ဝင်သည့် ၂၀၀၈ခုနှစ်

စပိုင်းတွင် သူတို့အိမ်ထောင်ရေး အက်ကြောင်းထင်စပြုလာသည်။ ခင်ပွန်း၏ အလုပ်ကြိုးစားမှုကြောင့် စီးပွားရေးပြေလည်သော်လည်း သူတို့ဇနီးမောင်နှံမှာ ချစ်ရေးချစ်ရာတွင် သံသယဝင်လာမှုကြောင့် အဆင်မပြေ ဖြစ်ခဲ့ခြင်းဖြစ်သည်။ နေပူမိုးရွာမရှောင် အလုပ်ကြိုးစားသော ကယ်လ်ယန်ဂျီသည် အလုပ်ပေါ်လာပါက နေ့ညမရွေး ကားအော်ဒါလိုက်လေ့ရှိသည်။ ကယ်လ်ယန်ဂျီသည် ဇနီးအပေါ်တွင် သစ္စာတရားကြီးမားသူ ဖြစ်သည်။ ထိုသို့သစ္စာတရားကြီးမားသူ ကယ်လ်ယန်ဂျီအား ဇနီးသည် ဂီဆယ်လီက အခြားအမျိုးသမီး တစ်ဦးနှင့် သံသယဝင်မှုကို ခင်ပွန်းဖြစ်သူက သည်းခံကာ ရှင်းပြခဲ့သော်လည်း သံသယဝင်မြဲဝင်လျက်ရှိသည်။

အူနုကျွဲခတ်

အလုပ်ပင်ပန်းမှုနှင့် သံသယအဝင်ခံရခြင်းကြောင့် စိတ်ဖိစီးမှုဒဏ်ကို ခံခဲ့ရသော ကယ်လ်ယန်ဂျီသည် ယခုနှစ် ဧပြီလအစပိုင်းက ခေတ္တမျှ မိဘအိမ်တွင် ပြန်လည်နေထိုင်ခဲ့သည်။ ဂီဆယ်လီမှာလည်း ချစ်သူအတွက် အူနုကျွဲခတ်သကဲ့သို့ လူးလိမ့်ခံစားခဲ့ရသည်။ မေလ ၃ရက် ညပိုင်းကမူ သားများအား လွမ်းဆွတ်နေသော ကယ်လ်ယန်ဂျီသည် သူ၏ အိမ်သို့ပြန်သွားခိုက်တွင် ဇနီးသည်ကို အိမ်တွင်မတွေ့ရဘဲ ခြောက်နှစ်အရွယ် သားကြီး ပေါလ်ရှော့စ်နှင့် နှစ်နှစ်အရွယ် သားငယ်ဂျေရှော့စ်တို့ကိုသာ တွေ့ရသဖြင့် သားနှစ်ဦးအား ကားပေါ်တင်ခေါ်ခဲ့လေသည်။

တစ်ပူပေါ်နှစ်ပူဆင့်

ကယ်လ်ယန်ဂျီသည် အိမ်ထောင်ရေးအဆင်မပြေဖြစ်ပြီး စိတ်ထောင်းကိုယ်ကျေဖြစ်ကာ အရက်သောက်ထားချိန်တွင် သားနှစ်ဦးအား ကားပေါ်သို့ တင်ခေါ်ခဲ့ခြင်းဖြစ်သည်။ အချိန်မှာ ညဖြစ်ပြီး သားများကားပေါ်တွင် ပါလာသည်ဆိုသောအသိကြောင့် ကားကိုဖြည်းညင်းစွာမောင်းခဲ့လေသည်။ ဤသည်ကပင် ဒုစရိုက်သမားများအတွက် အခွင့်အရေးရသွားတော့သည်။ ဂလပ်စကိုမြို့မှ မောင်းထွက်လာရာ ယင်းမြို့၏ မြောက်ဘက်အရှေ့ဒန်ဘာတွန်ရှိုင်းယားနယ် လင်းနော့မြို့ ကမ်ပ်ဆီဖဲလ်အရပ်တွင် ညအမှောင်ထဲမှ မျက်နှာဖုံးစွပ်လက်နက်ကိုင်လူဆိုးငါးဦးက ကားကိုရပ်တန့်စေပြီး သူ့ထံတွင်ပါလာသော ငွေကြေးများစွာကို လုယက်ကာ သူ၏လည်ပင်းအား ဓားနှင့်ခုတ်ခဲ့သဖြင့် သတိလစ်မေ့မြောသွားခဲ့သည်။ သူသတိရလာသောအခါ ဆေးရုံပေါ်သို့ရောက်နေပြီး သားနှစ်ဦးမှာ ဓားထိုးခံရမှုကြောင့် သေဆုံးခဲ့ရပြီးဖြစ်သည်။ ရဲအဖွဲ့က သားနှစ်ဦးသေဆုံးမှုတွင် ၎င်းအား သင်္ကာမကင်းဖြစ်ကာ ရုံးတင်တရားစွဲဆိုခဲ့သဖြင့် သားများအတွက် ထိခိုက်ခံစားနေရချိန်တွင် တစ်ပူပေါ်နှစ်ပူဆင့်ခဲ့ရသည်။ ညအချိန် လူသူပြတ်လပ်ရာဒေသတွင် သူကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော ဖြစ်ရပ်သည် မျက်မြင်သက်သေမရှိသဖြင့် မည်သူမျှယုံကြည်မှု မရှိခဲ့ချေ။ ၎င်း၏အမှုကို ယခုနှစ် ဇူလိုင် ၁၆ရက်တွင် စတင်စစ်ဆေးခဲ့သည်။

ယခုဖြစ်ရပ်တွင် အရှေ့ခ်ကယ်လ်ယန်ဂျီသည် ဇနီးဂီဆယ်လီရှော့စ်၊ သားကြီး ပေါ်ရှော့စ်၊ သားငယ်ဂျေရှော့စ်တို့နှင့် သာယာချမ်းမြေ့စွာ နေထိုင်ခဲ့ရသည်။ သို့သော်လည်း ကံကြမ္မာကြောင့် ဇနီးသည်နှင့်အဆင်မပြေဖြစ်ကာ သားများနှင့် တစ်သက်တာဝေးခဲ့ရပြီး သူကိုယ်တိုင်လည်း အမှုရင်ဆိုင်နေရသည့်အဖြစ်ကြောင့် ကံကြမ္မာကို ယိုးမယ်မဖွဲ့လိုသော်လည်း ဖွဲ့ရမည့်သင်ခန်းစာယူဖွယ်ရာဖြစ်ရပ်အဖြစ် ကိုးကားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဗီယက်နမ်၌ ရေနံဓာတုစက်ရုံ စီမံကိန်းစတင်မည်

ဟန်္နိုင်း ဇူလိုင် ၂၃

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘာရီးရားဗင်တူပြည်နယ်၌ ရေနံနှင့်ဓာတုပစ္စည်းစက်ရုံ စီမံကိန်းလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဇူလိုင်၂၁ရက်က ရင်းနှီးမြှုပ်နှံမှုသတင်းစာ၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ အမျိုးသားရေနံနှင့် သဘာဝဓာတ်ငွေ့အဖွဲ့မှ နိုင်ငံပိုင်လောင်စာရေနံချက်စက်ရုံကို ၂၀၁၃ခုနှစ် ဒုတိယသုံးလပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ နှစ်စဉ်ရေနံစိမ်းတန်ချိန် ၁၀သန်းထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည်။

ယခုနှစ်မေလအတွင်း၌ တောင်ဟွာပြည်နယ်တွင် နိုင်ဟီစန်အမည်ရှိ ဒုတိယအကြီးဆုံး ရေနံချက်စက်ရုံကို အမေရိကန်ဒေါ်လာ ၆ဒသမ၂ဘီလီယံရင်းနှီးမြှုပ်နှံ တည်ဆောက်နေကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၃

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် H.E Mr.John Holmes သည် ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel သို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Robert Chua Hian Kong၊ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr.Bansarn Bunnag၊ အာဆီယံအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Dr. Anish Kumar Roy၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow Parajuli၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr.Danial B.Baker၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ဌာနေကိုယ်စားလှယ် Mr. Christopher Kaye နှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး(OCHA)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနအကြီးအကဲ Mr. Thierry Delbreuve တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဟောပြော

ဇူလိုင် ၂၀ရက်က ပြန်ကြားရေးဝန်ကြီးဌာန ရန်ကုန်တိုင်း ဗီဒီယို စိစစ်ကြီးကြပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များ ဗီဒီယိုပြသခြင်းကို ဥပဒေနှင့်အညီ ပြသခွင့်လိုင်စင်ပြုလုပ်ရန် ပညာပေးစည်းရုံး ဟောပြောပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်
ဝါဆိုလပြည့်ကျော် ၇ ရက်
(အဖိတ်နေ့)
၂၄-၇-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြန်မာ့အနုလက်ရာထင်ရှား ကြည်ညိုဖွယ်ရာ နီးဘုရား
၇:၅၅ ၅။ အဆိုပြိုင်ပွဲ
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ ရုပ်မြင်ရသ တေးစုကဏ္ဍ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ အကပဒေသာ
၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၄၀ ၅။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံ ပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ခမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက-၁၊ ကျောက်တန်း] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅:၁၀ ၆။ **သူငယ်ချင်းမရှိတဲ့ဥပဒေ** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
၅:၂၀ ၇။ အဆိုပြိုင်ပွဲ
၅:၂၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၀ ၉။ တေးဂီတအစီအစဉ်
၅:၄၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ကျောင်းကန်ဘုရားကုသိုလ်ပွား ကောင်းမှုထိုထို လဝါဆို
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကော်ဖီချစ်သူ** (အပိုင်း-၁၅)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၁၃)
၁၉။ အစီအစဉ်ပြီး၏။

ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေးဆုရရှိသူများ စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၂၃

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ပညာသင်ထောက်ပံ့ကြေးဆု ရွေးချယ်ရေးကော်မတီက ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်အတွင်း ပထမနှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တက္ကသိုလ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများအား ပထမနှစ်မှ ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးဆုချီးမြှင့်ရန် ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဆေးတက္ကသိုလ်

ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ မစန္ဒာလွင်(ဘ)ဦးညီညီလွင်၊ မဝင့်သန္တာဝင်း (ဘ)ဦးအောင်ဝင်း၊ မောင်အောင်ဇင်ဖြိုး(ဘ)ဦးသန်းမြင့်၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ မသိမ့်သိမ့်ဦး (ဘ)ဦးလှဝင်း၊ မမေဆုမွန် (ဘ) ဦးမြင့်ဝေ၊ မအိရည်မွန်ဟန်(ဘ) ဦးငြိမ်းလှိုင်၊ မသက်နှင်းလွင်(ဘ) ဦးစန်းလွင်၊ မန္တလေးဆေးတက္ကသိုလ်မှ မခိုင်သဉ္ဇာ(ဘ) ဦးအုန်းကျော်၊ မနွယ်နွယ်ကျော်ဌေး(ဘ) ဦးကျော်ဌေး၊ မောင်မြတ်ကျော်သက်(ဘ) ဦးမောင်ကျော်၊ မကွေးဆေးတက္ကသိုလ်မှ မအိနှင်းလွင်သန့်(ဘ) ဦးကျော်မြင့်၊ မသက်ထားအိမ် (ဘ) ဦးသာတင်၊ မထက်ထက်(ဘ) ဦးမောင်သန်း၊ မောင်ရဲမင်းထွန်း (ဘ) ဦးသန်းလွင်၊ မောင်ကျော်ကိုကိုဝင်း (ဘ) ဦးမောင်ကျော်ဝင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ မယမုံ(ဘ) ဦးအောင်တင့်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)မှ မအိအိသိမ့် (ဘ) ဦးခင်မောင်ဇော်တို့အား ငွေကျပ် ၅၀၀၀၀စီ လစဉ်ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်မည်ဖြစ်သည်။

နည်းပညာတက္ကသိုလ်

အလားတူ ရန်ကုန်နည်းပညာတက္ကသိုလ် (လှိုင်သာယာ)မှ မောင်သော်ဇင်ထွန်း (ဘ) ဦးရဲလွင်၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)မှ မဝင်းချယ်ရီထွန်း (ဘ) ဦးညွန့်ဝင်း၊ နည်းပညာတက္ကသိုလ် (မန္တလေး)မှ မရွှေမိုးဟန် (ဘ) ဦးတင်အောင်၊ နည်းပညာတက္ကသိုလ် (မုံရွာ)မှ မဆွေလှိုင်ဝင်း (ဘ) ဦးမျိုးဆွေ၊ နည်းပညာတက္ကသိုလ် (တောင်ငူ)မှ မထက်ထက်ဝေဦး(ဘ) ဦးကျော်မြိုင်တို့အား ငွေကျပ် ၄၀၀၀၀စီ လစဉ်ပညာသင်ထောက်ပံ့ကြေးဆုချီးမြှင့်မည်ဖြစ်သည်။

စီးပွားရေးတက္ကသိုလ်

ထို့အတူ ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ မောင်ကျော်ဇင်ဝင်း (ဘ) ဦးသစ်ဦး၊ မောင်ခွန်အောင်နိုင်ဦး (ဘ) ဦးမောင်ဟူး၊ မအေးအေးအောင် (ဘ) ဦးရဲထွန်း၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်မှ မအေးအေးမိုး (ဘ)ဦးကိုကို၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ မောင်ပြည့်ဖြိုးအောင် (ဘ)ဦးချိုလင်းစိုး၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ မခင်မို့မို့ကြည် (ဘ)ဦးမျိုးကြည်၊ မအေးသီတာ(ဘ)ဦးကံမြင့်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ မမေသက်လွင် (ဘ)ဦးစန်းမောင်၊ မမီမီသန့် (ဘ)ဦးအောင်၊ ကျောက်ဖြူ ပညာရေးတက္ကသိုလ်မှ မမြတ်သီဂီထွန်း (ဘ)ဦးလှဝင်းတို့အား ငွေကျပ် ၄၀၀၀၀စီ လစဉ် ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်မည်ဖြစ်သည်။

ထို့ပြင် ဒဂုံတက္ကသိုလ်(ရန်ကုန်)မှ မမြတ်လေးခင် (ဘ)ဦးမြတ်တိုး၊ မနှင်းယမုံမြင့် (ဘ)ဦးအောင်မြင့်၊ မထိုက်နန္ဒီလင်း (ဘ)ဦးမျိုးမြင့်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မောင်ပြည့်စုံဦး (ဘ)ဦးမြင့်သိန်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ မမေဦးဦးသာ (ဘ)ဦးသန်းဝင်း၊ ရတနာပုံတက္ကသိုလ်(မန္တလေး)မှ မစိမ်းလဲ့ဝေ (ဘ) ဦးတင်မြင့်၊ မုံရွာတက္ကသိုလ်မှ မအေးမြင့်စန်း (ဘ)ဦးဝင်းမြင့်၊ မစုမွန်ဇော် (ဘ)ဦးဇော်မင်း၊ ပခုက္ကူတက္ကသိုလ်မှ မဝင်းဟေမာန်အေး (ဘ)ဦးတင်မောင်အေး၊ ပြည်တက္ကသိုလ်မှ မဂျူလီရွှေ (ဘ)ဦးအောင်မြင့်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ မအိသဇင်စိုး (ဘ)ဦးစိုးဝင်း၊ မကေသီမြင့် (ဘ)ဦးကျော်လှိုင်၊ မခင်စိုးထွေး (ဘ)ဦးခင်မောင်၊ မသိမ့်သဉ္ဇာအောင် (ဘ)ဦးကျော်သန်း၊ မောင်ဇော်မျိုးထွဋ် (ဘ)ဦးဟန်လွင်ဆွေ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ မမိုးပွင့်ဖြူဦး (ဘ)ဦးသန်းဦး၊ မအေးသန္တာအောင် (ဘ) ဦးညွန့်ဝင်း၊ မောင်အောင်ဇော်လင်း (ဘ) ဦးမိုးကောင်းတို့အား ငွေကျပ်၃၀၀၀၀စီ လစဉ် ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ဆက်သွယ်

အထက်ပါ ပညာသင်ထောက်ပံ့ကြေးဆုရရှိသူ ကျောင်းသား ကျောင်းသူများသည် ပညာသင်ထောက်ပံ့ကြေးထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ် (သို့မဟုတ်) မော်ကွန်းထိန်း၏ ထောက်ခံချက်မူရင်းဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် (ရုံးချုပ်) အမှတ်၁၆၅/၁၆၇ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၂၄၂၊ ၃၈၀၂၄၅တို့သို့ အမြန်ဆုံးဆက်သွယ်ရန်နှင့် ရန်ကုန်၊ မော်ဘီ၊ လှိုင်သာယာနှင့် ဒဂုံမြို့နယ်များရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများသည် ပါမောက္ခချုပ် သို့မဟုတ် မော်ကွန်းထိန်းထောက်ခံချက်နှင့် ကျောင်းသားကတ်မူရင်းတို့ဖြင့် လူကိုယ်တိုင်လာရောက်ဆက်သွယ်ရန် ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ဆုချီးမြှင့်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးဒဏ်ရာရရှိမှုသတင်း ချက်ချင်းမထုတ်ပြန်နိုင်သေးသော်လည်း ရေလွှမ်းမှုကြောင့် ဒေသခံ ပြည်သူ ၂၃၀၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် အချို့နေရာများတွင် ငါးပေအထိ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ဟာရီကိန်းမုန်တိုင်းဒိုလီ တိုက်ခတ်ခံရသည့် ဒေသများသို့ အမေရိကန်နိုင်ငံ နာဗယ်လေတပ်စခန်းမှ စစ်ရဟတ်ယာဉ်များက သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း အမေရိကန်အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဗီယက်နမ်တောင်ပိုင်း၌ မိုးကြိုးပစ်မှုနှင့် မြေပြိုမှုဖြစ်ပွား ခုနစ်ဦးသေဆုံး၊ ၁၂ ဦးဒဏ်ရာရရှိ

ဟနွိုင်း ဇူလိုင် ၂၃

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကင်ရိုင်ပြည်နယ်တွင် ဇူလိုင် ၂၃ ရက်က မိုးကြိုးပစ်ခံရမှုကြောင့် သုံးဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း ဗီယက်နမ်နိုင်ငံအမျိုးသားမိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

မိုးကြိုးပစ်

မိုးကြိုးပစ်ခံရသူများမှာ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟွန်ဒတ်ခရိုင်မှဖြစ်ပြီး လယ်ကွင်းအတွင်း စပေါင်းစပါးစိုက်ပျိုးနေကြစဉ် ရုတ်တရက် မိုးကြိုးပစ်ချခံခဲ့ရခြင်းဖြစ်သည်။

ထို့အတူ ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟာရိုင်ပြည်နယ်တွင် ဇူလိုင်၂၃ရက် နံနက် ၅ နာရီခန့်က လူအများအိပ်ပျော်နေချိန်၌ မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးခဲ့ကြောင်း ဟာရိုင်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်တောင်ပိုင်း၌ မိုးသက်လေပြင်းများတိုက်ခတ် နေအိမ်နှင့် အဆောက်အအုံအချို့ပျက်စီး

ပေကျင်း ဇူလိုင် ၂၃

တရုတ်နိုင်ငံတောင်ပိုင်း ရိုဝမ်စီရင်စုတွင် ဇူလိုင်၂၃ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲက မိုးသက်လေပြင်းများကျရောက်သည့်အပြင် လေဆင်နှာမောင်းလည်း တိုက်ခတ်ခဲ့ကြောင်း တရုတ်အမျိုးသား မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

ဖယ်ရှားရှင်းလင်း

တစ်နာရီလျှင် ၆၅မိုင်နှုန်းတိုက်ခတ်ခဲ့သော မိုးသက်လေပြင်းများကြောင့် ရိုဝမ်စီရင်စုရှိ နေအိမ်နှင့်အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း **(အပေါ်ပုံ)**၊ သေဆုံးဒဏ်ရာရမှု မရှိကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများကို ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။

အမေရိကန်နီဗားဒါးပြည်နယ်၌ လေဆင်နှာမောင်းမွှေနှောက် နေအိမ်အချို့ပျက်စီး၊ ဓာတ်အားပြတ်တောက်ခဲ့

ရိုနို ဇူလိုင် ၂၃

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ဖယ်လွန်မြို့၌ ဇူလိုင်၂၃ရက် ဒေသစံတော်ချိန် ညနေ၃နာရီ ၃၄မိနစ်က လေဆင်နှာမောင်းမွှေနှောက်တိုက်ခတ်ပြီး (အပေါ်ပုံ) **မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။**

ရေလွှမ်း

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးပြီး ဓာတ်တိုင်များပြိုလဲခဲ့မှုကြောင့် ဖယ်လွန်မြို့၌ ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း၊ ထို့အပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖယ်လွန်မြို့ အချို့နေရာများတွင် လမ်းများရေလွှမ်းခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဆိုပူဇော်မှု ဆုချီးမြှင့်ပွဲ တိုင်းမှူးပိုလ်မှူးချုပ်တင်ငွေ တက်ရောက်ကြည့်ရှု

ရန်ကုန် ဇူလိုင် ၂၃

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းအဆင့်မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဆိုပူဇော်မှု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက် ၉ နာရီက မန္တလေးအောင်မြေသာစံမြို့နယ် နန်းမြို့တွင်းရှိ နန်းမြို့ဆုတောင်းပြည့်ဘုရား မဏ္ဍပ်၌ကျင်းပရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေနှင့် ဇနီးဒေါက်တာခင်သီတာတို့ တက်ရောက်၍ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်မြတ်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး ဆရာတော်ဘဒ္ဒန္တသုနန္ဒထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (အပေါ်ပုံ)**ဆက်လက်၍ ဒုတိယတိုင်းမှူးနှင့် ဇနီးတို့ကလည်းကောင်း၊ အလှူရှင်များကလည်းကောင်း၊ ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**

ဆုချီးမြှင့်

ထို့နောက် ၂၀၀၈ခုနှစ် တိုင်းအဆင့် မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဆိုပူဇော်မှု ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများအား ဆုချီးမြှင့်ရာ တိုင်းဦးစီး(ဗိုလ်မှူးကြီး)၏ ဇနီး ဒေါ်သူသူမင်းစံက ပါဝင်ယှဉ်ပြိုင်သည့် ဝတ်အသင်းအဖွဲ့ ၁၅ ဖွဲ့အား တစ်သင်းလျှင် ငွေကျပ်၅၀၀၀၀နှုန်းဖြင့်ငွေကျပ်၇၅၀၀၀၀ အားလည်းကောင်း၊ ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်မို့မို့နွယ်က နှစ်သိမ့်ဆု (၂)ရရှိသော အမှတ်(၁)စက်သုံးဆီ ထိန်းသိမ်းရေးတပ် ဝတ်အသင်းနှင့် နှစ်သိမ့်ဆု(၁)ရရှိသော အမှတ်(၂)ပင်မအလုပ်ရုံ(လျှပ်/စက်) ဝတ်အသင်းတို့အား ငွေကျပ် ၁၀၀၀၀၀စီကို လည်းကောင်း၊ တိုင်းမှူး၏ ဇနီးဒေါက်တာ ဒေါ်ခင်သီတာက တတိယဆုရအမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ဝတ်အသင်းအဖွဲ့(၂) အား ငွေကျပ် ၂၀၀၀၀၀ကို လည်းကောင်း၊ ဒုတိယဆုရ အမှတ်(၁၁၁) ဆက်သွယ်ရေး တပ်ရင်း ဝတ်အသင်းအား ငွေကျပ် ၂၅၀၀၀၀ ကို လည်းကောင်း၊ ပထမဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် (စခန်းရုံး) ဝတ်အသင်းအား ငွေကျပ် ၃၀၀၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ချမ်းမြသာစည်မြို့နယ် ဘုရားကြီးတိုက် ပင်းသာကျောင်းဆရာတော် ဘဒ္ဒန္တဇဝဏထံမှ အနုမောဒနာ တရားနှင့် ရေစက်ချတရားနာယူကြပြီး တိုင်းမှူး၊ ဇနီးနှင့်ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဆိုပူဇော်မှုပြိုင်ပွဲတွင် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ အသင်း ပေါင်း ၂၀ပါဝင်ပြီး ပြိုင်ပွဲအား ၁၂ရက်မှ ၁၆ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမိသားစု စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ (၁၈)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၆ နာရီက ရန်ကုန်တိုင်း ဒဂုံမြို့နယ် ကျားကူးဓမ္မဗိမာန် ကျောင်းတိုက်၌ ကျင်းပသည်။

တက်ရောက်ကြည့်ရှု

အဆိုပါလှူဒါန်းပွဲသို့ ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဝင် ကျားကူးဓမ္မဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဒ္ဓရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့်ဇနီး ဒေါ်ခင်မျိုးသူ၊ ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်(၄)ခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဇနီးများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုကြသည်။

ဆက်ကပ်လှူဒါန်း

အစီအစဉ်အရ ကျားကူးဓမ္မဗိမာန် ကျောင်းတိုက်ဂန္ထဝါစက စာချဆရာတော် ဘဒ္ဒန္တက္ကန္ဒောဘာသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ၄င်းနောက် ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက ရွတ်ပွား သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များနှင့် သာဓုအနုမောဒနာ တရားတို့နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(အောက်ပုံ)** (က-ပ)

မန္တလေးမြို့ မလွန်ဆန်လှူအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

၁၃၆၉-၁၃၇၀ခုနှစ် မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၁၃ ရက်က ညီမူရာခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးမောင်မောင်သွင်၊ ဦးထွန်းအောင်ကျော်နှင့် ဦးညဏ်ထူးတို့က အသင်းကြီး၏ တစ်နှစ်တာဆောင်ရွက်ချက်များကို တင်ပြကြသည်။ (ဝဲပုံ)

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ အသင်းကြီးမှ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ မလွန်ဆန်လှူအသင်းထောက်များနှင့် အများပြည်သူတို့အား အလှူငွေကျပ်သိန်း ၁၃၀ နှင့် ဆွမ်းဆန်တော်ခွဲ အိတ်ပေါင်း ၃၅၀၀ လှူဒါန်းခဲ့ပြီး အသင်းကြီး၏ စည်းမျဉ်း အချို့ ပြင်ဆင်ဖြည့်စွက်ရန် တင်ပြရာ သင်းမလူကြီး ဦးကိုကိုထွေးက ထောက်ခံဆွေးနွေးသည်။ ထို့နောက် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုကြပြီး ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒေါက်တာလှဘူး၊ အတွင်းရေးမှူးဦးမောင်မောင်သွင်၊ဦးထွန်းအောင်ကျော်၊ ဦးညဏ်ထူး၊ ဘဏ္ဍာရေးမှူး ဦးကျော်အေးနှင့် အလုပ်အမှုဆောင်များ ရွေးချယ်ကြသည်။ (က-ပ)

ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက် ဝါတွင်းသီလပေးနှင့် တရားပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၄၂ရပ်ကွက် ကိုးဘွဲ့ရသာသနာပြု ကျောင်းတိုက်ကြီး၌ ဝါတွင်းကာလ လပြည့်၊ လကွယ်၊ ၈ ရက် ဥပုသ်နေ့များတွင် နံနက် ၉ နာရီ၌ နိုင်ငံကျော် ဓမ္မကထိကဆရာတော်များက သီလပေး တရားများဟောကြား မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် အမှတ် ၉၀အပေါ်ဆုံးထပ် ဗိုလ်တထောင်ဘုရားလမ်းနေ ဦးစိုးဝင်း-ဒေါ်ကြင်သန်း မိသားစုက အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဂေါပက အဖွဲ့ဝင် ဦးလှမင်းက လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဘုရားနှစ်ဆူမိုးကုတ်ရိပ်သာ ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၃

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ၌ ဘုရားနှစ်ဆူ မိုးကုတ်ရိပ်သာ၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ရေဝတ(သာသနာပြု နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)အရှင်သူမြတ်သည် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရွှေကူမြို့ သာယာလှပရေးဆောင်ရွက်

ရွှေကူ ဇူလိုင် ၂၃

ရွှေကူမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မြို့သာယာလှပရေးညွှန်ကြား ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်က အမှတ် ၃ ရပ်ကွက် မြို့ကုန်း တွင် ပန်းအလှပင်များ ပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဝင်း ကျော်ကျော် ဦးဆောင်သောဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာ ရိပ် မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ Father Gre gorio Han (Yangon Korean Cat holic Com- munity) က အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အေးဘယ်လ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံဥပဒေပြဋ္ဌာန်းချက်များ (၃)

နိုင်မြင့်(တောင်သာ)

(ယမန်နေ့က အဆက်)

မနီလာ။ “ဒါနဲ့ဖေဖေ၊ သမီးကိုစောဒကတက်တယ်လို့ မထင်ပါနဲ့၊ သမီး ထပ်မေးဦးမယ်နော်”

ဦးမြင့်။ “မေးပါသမီးရယ်၊ သမီး ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ဖေဖေ ရှင်းပြမှာပေါ့”

မနီလာ။ “တခြားမဟုတ်ပါဘူး ၁၉၈၀ပြည့်နှစ်မှာပြဋ္ဌာန်းထားတဲ့ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၇/၈၀ဖြစ်တဲ့ နိုင်ငံရေးပင်စင်ဥပဒေထဲမှာ နိုင်ငံရေးပြစ်မှုများဆိုပြီး ဖော်ပြထားတာ သမီးမှတ်ထားလိုက်သလားလို့၊ အဲ့ဒါကရော ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ ပြဋ္ဌာန်းထားတယ်ဆိုတာ သမီးသိချင်တယ် ဖေဖေ”

ဦးမြင့်။ “မှန်ပါတယ်သမီး။ ၁၉၈၀ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံရေးပင်စင်ဥပဒေရဲ့ နောက်ဆက်တွဲ(ခ)မှာ နိုင်ငံရေးပြစ်မှုဆိုပြီး သတ်မှတ်ဖော်ပြထားခဲ့တာ တွေ့ရတယ်။ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်သိရအောင် သက်ဆိုင်တဲ့ပုဒ်မတွေကိုပါ ကြည့်ကြရအောင်။ ဒီဥပဒေပုဒ်မ ၂၁မှာ နိုင်ငံရေးပင်စင်ခံစားခွင့်ရှိတဲ့ ပုဂ္ဂိုလ်ဟာ နောက်ဆက်တွဲဇယား(ခ)မှာပါတဲ့ ပြစ်မှုတစ်ခုခုနဲ့ ပြစ်မှုထင်ရှားစီရင်ခံရလျှင် နိုင်ငံရေးပင်စင်ကို ခံစားခွင့်မရှိဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၂၂မှာတော့ နိုင်ငံရေးလစဉ်ပင်စင် ခံစားသူဟာ အသက်ထင်ရှားရှိတဲ့ ကာလပတ်လုံး ခံစားခွင့်ရှိတယ်။ ဒါပေမယ့် နောက်ဆက်တွဲဇယား(ခ)မှာပါတဲ့ ပြစ်မှုတစ်ခုခုနဲ့ ပြစ်မှုထင်ရှားစီရင်ခံရလျှင် နိုင်ငံရေးလစဉ်ပင်စင်ကို ဆက်လက်မခံစားနိုင်ဘူးလို့ ဆိုပါတယ်။ ပုဒ်မ ၂၃မှာတော့ နိုင်ငံရေးလစဉ်ပင်စင်ခံစားသူဟာ နောက်ဆက်တွဲဇယား(ခ)မှာပါတဲ့ နိုင်ငံရေးပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်တယ်လို့ ခိုင်လုံတဲ့ အထောက်အထားတွေ့ရှိလျှင် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ရပ်မှ ပုဂ္ဂိုလ်ဖြစ်လျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီကလည်းကောင်း၊ နိုင်ငံတော်အဖွဲ့အစည်းတစ်ရပ်ရပ်မှ ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်ကောင်စီကလည်းကောင်း၊ ဒီပုဂ္ဂိုလ်ရဲ့ လစဉ်ပင်စင်ခံစားခွင့်ကို ရပ်ဆိုင်းနိုင်တယ်လို့ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဒီဥပဒေရဲ့ နောက်ဆက်တွဲ(ခ)မှာ (က)နိုင်ငံရေးပြစ်မှုများ ဆိုပြီး ပြစ်မှု ခုနစ်မျိုးကို သတ်မှတ်ဖော်ပြထားတာ တွေ့ရတယ်။ ဒီပြစ်မှုတွေကတော့ မတရားအသင်း အက်ဥပဒေအရပြစ်မှုများ၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂)၊ အကြည်ညိုပျက်အောင်ပြုလုပ်မှု(ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၄-က)၊ နိုင်ငံတော်ကိုဦးဆောင်သော လမ်းစဉ်ပါတီအား ကာကွယ်သည့်ဥပဒေအရ ပြစ်မှုများ၊ နိုင်ငံတော်အားနှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရပြစ်မှုများနဲ့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ ၁၉၆၅ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ ပြစ်မှုများတို့ဖြစ်တယ်”

မနီလာ။ “အဲ့ဒီလိုဆိုရင် နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှုတို့၊ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှုဆိုတာတွေဟာ နိုင်ငံရေးပြစ်မှု ဖြစ်မသွားဘူးလား ဖေဖေ”

ဦးမြင့်။ “ဖေဖေဆက်ပြီးရှင်းပါဦးမယ်သမီး၊ ၁၉၇၆ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေမှာလဲ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)မှာ နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ကြေညာသော နိုင်ငံရေးပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုဖြင့်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားခဲ့ပါတယ်။ အဲ့ဒီပြဋ္ဌာန်းချက်အရ နိုင်ငံတော်ကောင်စီရုံးက ညွှန်ကြားချက်အမှတ် ၅/၇၇(၁၉၇၇ခုနှစ် ဩဂုတ်လ၁၂ရက်)ကို ထုတ်ပြန်ပြီး နိုင်ငံရေးပြစ်မှုအဖြစ် သတ်မှတ်ခဲ့တဲ့အခါမှာ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂)နှင့် အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄-က) တို့လဲ ပါပါတယ်။ ဒါပေမယ့် ဒီဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၄/၈၉ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၂မှာ “ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ (၁၉၇၆ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်”ဆိုပြီး ပြဋ္ဌာန်းလိုက်တဲ့အတွက် အခုပြောတဲ့ ၁၉၇၆ခုနှစ် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေဟာ အတည်မဖြစ်တော့ပါဘူး”

မနီလာ။ “၁၉၈၉ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေမှာတော့ ဘယ်လိုပြဋ္ဌာန်းထားပါသလဲဖေဖေ”

ဦးမြင့်။ “၁၉၈၉ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၁၄/၈၉)ပုဒ်မ ၁၁မှာတော့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အောက်ပါ တစ်ခုခုနှင့် ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရဟုဖော်ပြပြီး ပုဒ်မခွဲ(ည)မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ကြေညာသော ငြိမ်ဝပ်ပိပြားရေးဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းဆိုပြီး ပြဋ္ဌာန်းထားပါတယ်။

အဲ့ဒီပြဋ္ဌာန်းချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၉၁(၁၉၉၁ခုနှစ် ဇူလိုင်လ ၁၀ရက်)ဖြင့် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုများအဖြစ် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်အောင်ပြုလုပ်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးနှင့် စပ်လျဉ်း၍ ထိန်ချန်မှု၊ ၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေအရ ပြစ်မှုများ၊ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေအရ ပြစ်မှုများ၊ လက်နက်မှုများ၊ ပြည်ပသို့တရားမဝင်ထွက်ခွာမှု၊ ပြည်ပမှတရားမဝင်ဝင်ရောက်မှုဆိုပြီး ခုနစ်မျိုးသတ်မှတ်လိုက်ပြန်ပါတယ်”

မနီလာ။ “၁၉၈၉ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်အရဆိုပြန်တော့ နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှုတို့၊ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှုဆိုတာတွေဟာ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုများအဖြစ်နဲ့ သတ်မှတ်ခံရတာပေါ့နော်”

ဦးမြင့်။ “ဟုတ်တာပေါ့။ ဒီတော့ အဲဒီပြဋ္ဌာန်းချက်တွေကိုခြုံပြီး သုံးသပ်ကြည့်လိုက်မယ်ဆိုရင် ၁၉၇၆ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ရုပ်သိမ်းပြီးဖြစ်လို့ အဲဒီ ဥပဒေဟာ အတည်မဖြစ်တော့တဲ့အတွက် အဲဒီဥပဒေပါပြဋ္ဌာန်းချက်ကို ထည့်သွင်းစဉ်းစားရန် မလိုတော့ဘူး။ အတည်ဖြစ်နေတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၄/၈၉) ပုဒ်မ ၁၁(ည) ပါပြဋ္ဌာန်းချက်အရ ထုတ်ပြန်တဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၉၁ အရဆိုလျှင် သမီးပြောတဲ့ နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုပုဒ်မ ၁၂၄-က)ဟာ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုအဖြစ် သတ်မှတ်ခံရတယ်။ နိုင်ငံရေးပင်စင်ဥပဒေ(၁၉၈၀ပြည့်နှစ်၊ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၄)ရဲ့နောက်ဆက်တွဲဇယား(ခ)မှာ ဖော်ပြချက်အရဆိုရင် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ပြစ်မှုပုဒ်မ ၁၂၄-က) ဟာ နိုင်ငံရေးပြစ်မှုအဖြစ် သတ်မှတ်ခံရတယ်။ ဒီမူရင်းပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ) မှာတော့ ဒီပြစ်မှုပုဒ်မ ၁၂၄-က နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှုဟာ ပြစ်မှု (ရာဇဝတ်ပြစ်မှု) သက်သက်အဖြစ်နဲ့ သတ်မှတ်ခံရတယ်။ မူလပင်ရင်းပြစ်မှုဆိုင်ရာဥပဒေရဲ့ အခန်း၆မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို ဆန့်ကျင်ကျူးလွန်သောပြစ်မှုများ (Of Offences Against The State) ခေါင်းစဉ်အောက်မှာ ပြဋ္ဌာန်းထားရှိပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုအမျိုးအစားမှာ အကျုံးဝင်ပါတယ်”

မနီလာ။ “သမီးကို ပိုပြီးရှင်းအောင် ပြောပြပေးပါဦး”

ဦးမြင့်။ “ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)မှာပါတဲ့ ပြစ်မှုအားလုံးဟာ ရာဇဝတ်ပြစ်မှုမျိုး သက်သက်သာဖြစ်တယ်။ ဒီပြစ်မှုကျူးလွန်သူတွေဟာလဲ ရာဇဝတ်ပြစ်မှု ကျူးလွန်သူတွေသာဖြစ်တယ်ဆိုတာ စောစောက သမီး သဘောပေါက်သွားပြီပဲ။

ဒီတော့ **ပြစ်မှုဆိုင်ရာ ဥပဒေမှာပါတဲ့ ပြစ်မှုတစ်ခုခုကို အခြား ဥပဒေတစ်ခုခုက မည်သည့်ပြစ်မှုမျိုး ဖြစ်တယ်လို့ သတ်မှတ်လိုက်သည့်တိုင် ပြစ်မှုဆိုင်ရာဥပဒေအရတော့ ပြစ်မှုပါပဲ။ ဘယ်လိုမှ ပြောင်းမသွားပါဘူး။**

ခုနပြောခဲ့တဲ့ ၁၉၈၉ခုနှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ထုတ်ပြန်တဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၉၁ အရဆိုလျှင် အဲ့ဒီ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် ပြစ်မှုဆိုင်ရာဥပဒေမှာပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှု၊ ဒါမှမဟုတ် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုပုဒ်မ ၁၂၄-က)ကို ကျူးလွန်မယ်ဆိုရင် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုကို ကျူးလွန်တယ်လို့သတ်မှတ်ပြီး သူ့ကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ပြဋ္ဌာန်းပေးထားခြင်း ဖြစ်ပါတယ်။ ဒီပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့သာ သက်ဆိုင်တာပါ။

အဲ့ဒီလိုပဲ နိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင်ခံစားရသူတွေက ဒီနိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ပြစ်မှုပုဒ်မ ၁၂၄-က)ကို ကျူးလွန်ဖောက်ဖျက်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်လဲ နိုင်ငံရေးပြစ်မှုကို ကျူးလွန်တယ်လို့ သတ်မှတ်ပြီး နိုင်ငံရေးပင်စင်ကို ဆက်လက် ခံစားခွင့်မရှိတော့စေရန် ပြဋ္ဌာန်းပေးထားခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှု(ပြစ်မှုပုဒ်မ ၁၂၄-က)ကို နိုင်ငံရေးပြစ်မှုအဖြစ် သတ်မှတ်ပါတယ်လို့ နိုင်ငံရေးပင်စင်ဥပဒေမှာ ထည့်သွင်းဖော်ပြထားတာဟာ အဲဒီနိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင်ခံစားခွင့် ရရှိထားသူတွေအတွက်သာ သက်ဆိုင်တာပါ။ နိုင်ငံရေး ပင်စင်ဥပဒေထဲမှာ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှု (ပြစ်မှုပုဒ်မ ၁၂၄-က)ကို နိုင်ငံရေးပြစ်မှုပါလို့ ဖော်ပြလိုက်တာနဲ့ ပင်ရင်းဥပဒေဖြစ်တဲ့ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)မှာ ပြစ်မှု(ရာဇဝတ်မှု) သက်သက်သာ ဖြစ်တယ်လို့ ပြဋ္ဌာန်းထားတဲ့ ဒီပုဒ်မ ၁၂၄-က ဟာ နိုင်ငံရေးပြစ်မှု ဖြစ်မသွားပါဘူး။ တကယ်လို့ အဲ့ဒီပုဒ်မ ၁၂၄-ကကို နိုင်ငံရေးပြစ်မှုဖြစ်တယ်လို့ ပြဋ္ဌာန်းသတ်မှတ်ချင်ရင် ဒီပြစ်မှုဆိုင်ရာ ဥပဒေ(ရာဇသတ်ကြီးဥပဒေ)ထဲမှာကို ပြင်ဆင်သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်”

မနီလာ။ “ဒီထက်ပိုပြီးရှင်းအောင် အခြားသာဓကတွေရှိရင်လဲ နှိုင်းယှဉ်ပြီး ရှင်းပြပေးပါဦး”

ဦးမြင့်။ “ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)ရဲ့ ပုဒ်မ ၄၇ပါ ပြဋ္ဌာန်းချက်အရဆိုရင် တိရစ္ဆာန်ဆိုတဲ့ စကားရပ်ထဲမှာ လူမှတစ်ပါး အခြားသက်ရှိ သတ္တဝါအားလုံး ပါပါတယ်။ ၁၉၉၃ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၂(က)မှာ တိရစ္ဆာန်ဆိုတာ လူတို့မွေးမြူထားတဲ့ သို့မဟုတ် တစ်နည်းနည်း အသုံးပြုရန် ဖမ်းဆီးထားတဲ့ တိရစ္ဆာန်ကိုပဲဆိုလိုတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နောက်တစ်ခါ ၂၀၀၀ပြည့်နှစ်မှာ ပြဋ္ဌာန်းထားတဲ့ လမ်းမကြီးများ ဥပဒေပုဒ်မ ၂(ဂ)မှာတော့ တိရစ္ဆာန်ဆိုတာဟာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ် နှင့် ဝက်တို့ကိုသာ ဆိုလိုတယ်ဆိုပြီး ပြဋ္ဌာန်းထား ပြန်ပါတယ်။ ဒီလိုဆိုတော့ သူ့ဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်ဆိုလိုရင်းဟာ သူ့ဥပဒေနဲ့သာသက်ဆိုင်တယ်ဆိုတာ ထင်ရှားနေပါတယ်။ တခြားဥပဒေမှ အဓိပ္ပာယ်ဖွင့်ဆိုထားချက်ကို သွားရောက် မလွှမ်းမိုးပါဘူး။

အဲ့ဒီလိုပဲ ၁၉၈၅ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန်ကျော်နင်းမှု ဥပဒေပုဒ်မ ၂(က)မှာ ကျွဲ၊ နွား၊ တိရစ္ဆာန်ဆို တာဟာ ဆင်၊ ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ မြည်း၊ လား၊ ဝက်၊ သိုး၊ ဆိတ်တို့ ပါဝင်တယ်လို့ ပြဋ္ဌာန်းထာ[...] ထုတ်ပြန်တဲ့ တိရစ္ဆာန်များမွေးမြူခြ[...] (၁)မှာကျပြန်တော့ ကျွဲ၊ နွား၊ တိရ[...] နွားနောက်ဟာ ကျွဲ၊ နွားတိရစ္ဆာန်ခ[...] သူ့ဥပဒေအရ သူလိုအပ်လျှင် လိုအ[...] ဖြစ်ပါတယ်လို့ သတ်မှတ်လိုက်တာ[...] မထိခိုက်စေရပါဘူး။ ဒါ့ကြောင့် နိုင်[...] **နိုင်ငံတော်အစိုးရကို အကြည်ညိုပျ[...] စီရင်ခြင်းခံရလျှင် ဒီနိုင်ငံရေးပင်စင်[...] နိုင်ငံရေးပင်စင်ခံစားခွင့်ကို ရပ်စဲသွ[...]**

နိုင်ငံရေးပင်စင်ဥပဒေပါ **နိုင်င[...] ဒီပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၄-က [...] ကျူးလွန်မယ်ဆိုရင် ဒီပြစ်မှုဆိုင်ရာ[...] ပြစ်မှုသက်သက်ကိုသာ ကျူးလွန်ဖေ[...] ရာဇဝတ်အကျဉ်းသားပဲဖြစ်တယ်လို့[...]**

မနီလာ။ “ဖေဖေရှင်းပြတာကို သမီးကောင်း[...] အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ သူ့ ဥပ[...] ဖွင့်ဆိုချက်ကို သွားရောက်ထိခိုက်ခြ[...] အခါမှာ အဓိကကျတဲ့အချက်ပဲဖြစ်[...] **ပြဋ္ဌာန်းချက်တွေရဲ့ သဘောသဘာဝ[...] လေ့လာခြင်းမရှိဘဲနဲ့ နိုင်ငံရေးပြစ်မှု[...] နေတာဟာ လုံးဝလက်ခံနိုင်တဲ့ အချ[...]**

ဦးမြင့်။ “သမီးသဘောပေါက်လွယ်တာကို [...] ဖေဖေပြောတာတွေအားလုံး ခြုံကြည့်[...] ပြဋ္ဌာန်းထားတဲ့ပြစ်မှုတွေကို မည်သ[...] ပြစ်မှုပါလို့ ဖော်ပြထားတာမရှိတာရ[...] သူတွေက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ [...] တစ်ခုခုကိုကျူးလွန်လို့ ပြစ်ဒဏ်က[...] ချုပ်နှောင်ခြင်းဆိုင်ရာ စည်းမျဉ်းဥ[...] Prisoners)ပါ ပြဋ္ဌာန်းချက်များအရ [...] များ မရှိတာရယ်၊ အကျဉ်းထောင်အ[...] “Political prisoner”များနဲ့ ပတ်[...] မြန်မာနိုင်ငံအကျဉ်းထောင်တွေထဲမှာ[...] အကျဉ်းသားတွေ လုံးဝ(လုံးဝ)မရှိဘူ[...]

ဒီတော့ ဖေဖေတို့နိုင်ငံမှာ နိုင်င[...] ပြောလာဆိုလာတဲ့ သူတွေကို သမီး[...] ဆိုတာ မရှိတဲ့အကြောင်း သေချာရှင်[...] တပည့်တွေကိုလဲ သေချာနားလည်[...] နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးပါ သမီး”

မနီလာ။ “ကောင်းပါပြီဖေဖေ၊ ဖေဖေပြောတဲ့[...]

> **နိုင်ငံရေး ပင်စင်ခံစားနေရသူများက နိုင်ငံတော်အစိုးရကို [...] ပုဒ်မ ၁၂၄-က ကျူးလွန်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ဒီ[...] ချက်အရ ပြစ်မှုကျူးလွန်တာပဲလို့ သတ်မှတ်ပြီး နိုင်ငံရေးပင်စင်[...]**
>
> **နိုင်ငံရေးပင်စင် ခံစားခွင့်ရသူတွေမဟုတ်ဘဲ အခြားသူမည်[...] ပုဒ်မ ၁၂၄-က ဖြစ်တဲ့ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အေ[...] ဆိုရင် ဒီပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)မှာ သတ်မှတ်[...] ကိုသာ ကျူးလွန်ဖောက်ဖျက်သူဖြစ်ပြီး ပြစ်ဒဏ်စီရင်ခြင်းခံရ[...] အကျဉ်းသားပဲဖြစ်တယ်လို့ သတ်မှတ်။**
>
> **ဥပဒေရဲ့ ပြဋ္ဌာန်းချက်တွေရဲ့ သဘောသဘာဝကို ရှင်းရှ[...] မရှိဘဲနဲ့၊ သေသေချာချာ လေ့လာခြင်းမရှိဘဲနဲ့ နိုင်ငံရေးပြစ်[...] အကျဉ်းသားတွေ ရှိနေတယ်လို့ ပြောဆိုနေတာဟာ လုံးဝလက်[...]**

24-7 (08-9).pmd 1 7/25/2008, 1:55 AM

ဆိတ်တို့ ပါဝင်တယ်လို့ ပြဋ္ဌာန်းထားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ(၁၁/၉၀)အရ ထုတ်ပြန်တဲ့ တိရစ္ဆာန်များမွေးမြူခြင်းနှင့် သားသတ်ရုံများဆိုင်ရာ နည်းဥပဒေများရဲ့ နည်းဥပဒေ (၁)မှာကျပြန်တော့ ကျွဲ၊ နွား၊ တိရစ္ဆာန်ဆိုတဲ့နေရာမှာ နွားနောက်ကို ထည့်သွင်းမထားတော့ဘူး၊ နွားနောက်ဟာ ကျွဲ၊ နွားတိရစ္ဆာန်ဆိုတဲ့ စကားရပ်ထဲမှာ မပါတော့ဘူး၊ ဒါကိုကြည့်ပြန်တော့လဲ သူ့ဥပဒေအရ သူလိုအပ်လျှင် လိုအပ်သလိုဖော်ပြ သတ်မှတ်ပေးတာပါပဲ။ ဥပဒေတစ်ခုက ဒီလိုဖြစ်ပါတယ်လို့ သတ်မှတ်လိုက်တာနဲ့ တခြားဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားတာကို သွားရောက်မထိခိုက်စေရပါဘူး။ ဒါ့ကြောင့် နိုင်ငံရေး ပင်စင်ဥပဒေအရ **နိုင်ငံရေး ပင်စင်ခံစားနေရသူများက နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု ပုဒ်မ ၁၂၄-က ကျူးလွန်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ဒီနိုင်ငံရေးပင်စင်ဥပဒေပါ ပြဋ္ဌာန်းချက်အရ ပြစ်မှုကျူးလွန်တာပဲလို့ သတ်မှတ်ပြီး နိုင်ငံရေးပင်စင်ခံစားခွင့်ကို ရပ်စဲသွားစေမှာဖြစ်**ပါတယ်။

နိုင်ငံရေးပင်စင်ဥပဒေပါ **နိုင်ငံရေးပင်စင်ခံစားခွင့် ရသူတွေမဟုတ်ဘဲ အခြားသူမည်သူမဆိုက ဒီပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၄-က ဖြစ်တဲ့ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှုကို ကျူးလွန်မယ်ဆိုရင် ဒီပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)မှာ သတ်မှတ်ထားတဲ့ ရာဇဝတ်ပြစ်မှုသက်သက်ကိုသာ ကျူးလွန်ဖောက်ဖျက်သူဖြစ်ပြီး ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ဒီဥပဒေအရပဲ ရာဇဝတ်အကျဉ်းသားပဲဖြစ်တယ်လို့ သတ်မှတ်**ရမှာပါပဲ။"

မနီလာ။ "ဖေဖေရှင်းပြတာကို သမီးကောင်းကောင်းကြီး နားလည်ပါပြီ၊ ဥပဒေတစ်ခုစီတစ်ခုစီမှာပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ သူ့ ဥပဒေနဲ့သူသာ သက်ဆိုင်တယ်၊ တခြားဥပဒေမှာပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သွားရောက်ထိခိုက်ခြင်းမရှိဘူးဆိုတာသိရလို့ ဒီအချက်ဟာလဲ ဥပဒေကိုလေ့လာတဲ့အခါမှာ အဓိကကျတဲ့အချက်ပဲဖြစ်တာမို့ သမီးအတွက်အများကြီးအဖိုးတန်ပါတယ်။ **ဥပဒေရဲ့ ပြဋ္ဌာန်းချက်တွေရဲ့ သဘောသဘာဝကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ခြင်းမရှိဘဲနဲ့၊ သေသေချာချာ လေ့လာခြင်းမရှိဘဲနဲ့ နိုင်ငံရေးပြစ်မှုတွေကျူးလွန်လို့ နိုင်ငံရေးအကျဉ်းသားတွေရှိနေတယ်လို့ ပြောဆိုနေတာဟာ လုံးဝလက်ခံနိုင်တဲ့ အချက်မဟုတ်**ဘူးပေါ့နော်"

ဦးမြင့်။ "သမီးသဘောပေါက်လွယ်တာကို ဖေဖေသိပ်ဝမ်းသာပါတယ်။ ကဲ- သမီးလဲ မောသွားပြီး၊ ဖေဖေပြောတာတွေအားလုံး ခြုံကြည့်လိုက်တော့ ၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေပါ ပြဋ္ဌာန်းထားတဲ့ပြစ်မှုတွေကို မည်သည့်ဥပဒေ မည်သည့်ညွှန်ကြားချက် တစ်စုံတစ်ရာကမျှ နိုင်ငံရေးပြစ်မှုပါလို့ ဖော်ပြထားတာမရှိတာရယ်၊ နိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိတဲ့သူတွေက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က အပါအဝင် ယင်းဥပဒေအရ သတ်မှတ်ထားတဲ့ ပြစ်မှုတစ်ခုခုကိုကျူးလွန်လို့ ပြစ်ဒဏ်ကျခံနေရတဲ့သူတွေမရှိတာရယ်၊ နိုင်ငံတော် အကျဉ်းသားများ ချုပ်နှောင်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ (Regulation for the Confinement of State Prisoners)ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခြင်းခံရတဲ့ နိုင်ငံတော်အကျဉ်းသား (State prisoner) များ မရှိတာရယ်၊ အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲတို့မှာ နိုင်ငံရေးအကျဉ်းသား "Political prisoner"များနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေ မပါတာရယ်၊ ဒါတွေကြောင့် ယနေ့ မြန်မာနိုင်ငံအကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးပြစ်မှုကိုကျူးလွန်လို့ ပြစ်ဒဏ်ကျခံရတဲ့ နိုင်ငံရေး အကျဉ်းသားတွေ လုံးဝ(လုံးဝ)မရှိဘူးဆိုတာ ဖေဖေရဲရဲကြီး ပြောနိုင်ပါတယ်သမီး။

ဒီတော့ ဖေဖေတို့နိုင်ငံမှာ နိုင်ငံရေးပြစ်မှုကို ကျူးလွန်လို့ နိုင်ငံရေးအကျဉ်းသားတွေရှိနေတယ်လို့ ပြောလာဆိုလာတဲ့ သူတွေကို သမီးတွေ့လာရင် ဒီအချက်တွေကိုကိုးကားပြီး နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိတဲ့အကြောင်း သေချာရှင်းလင်းပြောပြပေါ့။ နောက်ပြီး သမီးသူငယ်ချင်းတွေ၊ သမီးရဲ့ တပည့်တွေကိုလဲ သေချာနားလည်အောင် ရှင်းပြသင်ပြပေးပါ။ သမီးတတ်ထားတဲ့ ဥပဒေပညာနဲ့ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးပါ သမီး"

မနီလာ။ "ကောင်းပါပြီဖေဖေ၊ ဖေဖေပြောတဲ့အတိုင်း သမီးဆောင်ရွက်သွားပါ့မယ်"။ ။

**သူများက နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု
မှုထင်ရှား စီရင်ခြင်းခံရလျှင် ဒီနိုင်ငံရေးပင်စင်ဥပဒေပါ ပြဋ္ဌာန်း
့ သတ်မှတ်ပြီး နိုင်ငံရေးပင်စင်ခံစားခွင့်ကို ရပ်စဲသွားစေမှာဖြစ်။
သူတွေမဟုတ်ဘဲ အခြားသူမည်သူမဆိုက ဒီပြစ်မှုဆိုင်ရာဥပဒေ
်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှုကို ကျူးလွန်မယ်
သတ်ကြီးဥပဒေ)မှာ သတ်မှတ်ထားတဲ့ ရာဇဝတ်ပြစ်မှုသက်သက်
ဖြစ်ပြီး ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ဒီဥပဒေအရပဲ ရာဇဝတ်
်မှတ်။
ရဲ့ သဘောသဘာဝကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ခြင်း
လာခြင်းမရှိဘဲနဲ့ နိုင်ငံရေးပြစ်မှုတွေ ကျူးလွန်လို့ နိုင်ငံရေး
ပြောဆိုနေတာဟာ လုံးဝလက်ခံနိုင်တဲ့ အချက်မဟုတ်။**

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ၁၉၈၆ သူငယ်တန်းမှ ၁၉၉၈ ဒသမတန်းအထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ယခုနှစ်ဒီဇင်ဘာ၂၇ရက် (စနေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ခိုင်သစ္စာဇင် ဖုန်း-၆၆၀၅၇၈၊ ၀၉-၈၀-၃၂၂၂၁၊ခွဲကိုကို ဖုန်း-၅၆၃၆၆၅၊ ၀၉-၅၀-၃၇၂၈၇၊ လဲ့ရည်ဝင်း ဖုန်း-၆၆၄၀၁၉၊ ၀၉-၅၀-၇၆၄၉၆၊ သဉ္ဇာသောင်း ဖုန်း-၀၉-၅၁-၁၃၀၁၉၊ သန္တာချိုအုဏ်း ဖုန်း-၅၅၆၀၈၅၊ ဇင်လင်းအောင် ဖုန်း-၅၇၈၅၆၄၊ ၀၉-၅၀-၁၁၅၇၆၊ သက်အောင်လွင် ဖုန်း-၅၇၉၃၇၂၊ ၀၉-၅၀-၀၆၁၈၅၊ပြည့်စုံဝင်းသိန်း ဖုန်း-၅၁၉၇၀၂၊ ၀၉-၅၀-၀၈၁၇၃၊ ဝင်းမိုးထိုက် ဖုန်း-၀၉-၅၀-၀၅၅၉၄၊ ၀၉-၅၁-၆၄၆၅၇၊ ဇင်မင်းထွေး ဖုန်း-၀၉-၅၀-၂၁၃၄၂၊ လဲ့လဲ့ဝင်းထွဋ် ဖုန်း-၅၃၄၂၁၈၊ ၀၉-၅၁-၀၁၆၃၆၊ အောင်သူရထွန်း ဖုန်း-၅၀-၁၉၈၅၊၀၉-၅၀-၆၅၂၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။
၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။
၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ကွမ်းခြံကုန်းမြို့ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ တက်ရောက်ဂုဏ်ပြုဆု ချီးမြှင့်ပေး



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကွမ်းခြံကုန်းမြို့မှ ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (စွမ်းအင်)

ရန်ကုန် ဇူလိုင် ၂၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ဇူလိုင် ၁၉ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းရုံးသို့ သွားရောက်ပြီး ဒီဂျစ်တယ်စက်ခလုတ်ခုံအသစ်တပ်ဆင်၍ အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်စင်က ကွမ်းခြံကုန်းမြို့တွင် အိတ်ချိန်းအသစ်ဖြင့် တယ်လီဖုန်းလိုင်းများ တပ်ဆင်အသုံးပြုနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် အော်တိုတယ်လီဖုန်းဖြင့် ပြည်တွင်း ပြည်ပသို့ တိုက်ရိုက်ခေါ်ဆိုနိုင်မှုကို စမ်းသပ်စစ်ဆေးသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဝန်ကြီးသည် ဇူလိုင် ၂၀ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပြောကြား

ဆက်လက်၍ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းနှင့် အေးရှားဝေါလ်ကုမ္ပဏီ ဒါရိုက်တာ ဦးသန်းမြင့်တို့က တစ်ဘာသာ ဂုဏ်ထူးရှင် ၅၁ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက္ကလော့ မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၃

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ ပရိယတ္တိ စာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသဦးစီး၍ ကျင်းပသော မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဩဂုတ်၂ရက်မှစတင်၍ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီပုဂ္ဂိုလ်များသည် ဩဂုတ်၁ရက် ညနေ ၅နာရီနောက်ဆုံးထား၍ လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ် လှူဒါန်းလိုသူများ ဖုန်း-၀၉-၈၅၈၁၆၇၅၊ ၀၉-၅၁-၀၅၆၆၅၊ ၆၃၅၆၃၂ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ တရားအလုပ်ချိန်များ၌ ယောဂီဝတ်စုံကိုသာ ဝတ်ဆင်ရမည်ဖြစ်ကြောင်းနှင့် အသက် ၁၅ နှစ်နှင့် အထက် ယောဂီများကိုသာ လက်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြို့သန့်ရှင်းရေး မိုင်းယန်း၌ ဆောင်ရွက်

မိုင်းယန်း ဇူလိုင် ၂၃

မိုင်းယန်းမြို့ သန့်ရှင်းသာယာရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အဖွဲ့ပိုင်ထော်လာဂျီဖြင့် မိုင်းယန်းမြို့ ဗိုလ်ချုပ်လမ်းဘေးဝဲယာတစ်လျှောက်တွင် အမှိုက်များမရှိစေရေးအတွက် ဆောင်ရွက်နေမှုကို ဇွန် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းလွင်ဦး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူခံဌာနသို့ ယမန်နေ့က လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက လက်ခံသည်။

လှူဒါန်း

အလှူရှင်များမှာ QED International FZLTC Dubai, UAE က အမေရိကန်ဒေါ်လာ ၂၀၀၊ ကိုရီးယားသမ္မတနိုင်ငံ အလှူရှင်များက ဆိုးလ်မြို့ မြန်မာသံရုံးမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀၉၅၉၁ ဒသမ ၆၈နှင့် ယူရိုငွေ ၂၅၀၈ ဒသမ ၉၆၊ GPVO "TYAZIIPROMEK SPORI" Moscow, Russia က ယူရိုငွေ ၁၅၆၂၅၀ တို့ဖြစ်သည်။

ယမန်နေ့ကလက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၀၉၇၉၁ ဒသမ ၆၈နှင့် ယူရိုငွေ ၁၅၈၇၅၈ ဒသမ ၉၆ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းလေးကန် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောများထိန်းသိမ်းရေးနှင့် တီကျစ်ကျောက်မီးသွေးပြာ

သတင်းဆောင်းပါး
ရဲလင်းအောင်(အင်းလေး)
စာမျက်နှာဖွဲ့ စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၃

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် တည်ရှိပြီး မြန်မာနိုင်ငံရှိ ကုန်းတွင်းရေအိုင်ကြီးများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အင်းလေးကန်ဒေသသည် တန်ခိုးကြီး ဖောင်တော်ဦးဘုရား၊ ရေလယ်ရွာများ၊ ကျွန်းမျောစိုက်ခင်းများနှင့် အခြားထူးခြားသော ဓလေ့များရှိခြင်းကြောင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့အရပ်ရပ်မှ ခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်ကြသော ရေကန်ကြီးဖြစ်သည့်အပြင် လောပိတရေအား လျှပ်စစ်စက်ရုံအတွက် အထောက်အကူပြုသည့် ရေကန်ကြီးလည်း ဖြစ်ပေသည်။

အင်းလေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၈၈၀တွင် တည်ရှိပြီး တစ်ချိန်က ရေပြင်ဧရိယာ စတုရန်းမိုင် ၁၀၀ခန့်ရှိခဲ့သော်လည်း ယခုအခါ မိုးရာသီ၌ စတုရန်းမိုင် ၆၀နှင့် နွေရာသီ၌ စတုရန်းမိုင် ၄၀ခန့်သာရှိကြောင်းနှင့် အင်းလေးကန်၏အကျယ်အဝန်းသည် ယခင်က အလျား ၃၆မိုင်နှင့် အကျယ်ဆုံး အနံရှစ်မိုင်ခန့်ရှိခဲ့ရာ ယခုအခါ အလျား ၁၁မိုင်နှင့်အနံလေးမိုင်ခန့်သာရှိတော့ကြောင်း တွေ့ရသည်။ ထို့ပြင်လက်ရှိအင်းလေးကန်၏အနက်ဆုံးနေရာမှာ မိုးရာသီတွင် အနက် ပေ၂၀နှင့် နွေရာသီတွင် အနက် ၁၂ပေခန့်သာရှိသည်။

အင်းလေးကန်၏ ရေလှောင်အားတဖြည်းဖြည်း လျော့နည်းကျဆင်းကာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို မထိခိုက်စေရန်နှင့် အင်းလေးကန်ပတ်ဝန်းကျင်ရှိ သဘာဝအလှအပများ၊ သားငှက်တိရစ္ဆာန်များ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ အင်းလေးကန် မိုင်၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို ၂၀၀၀-၂၀၀၁ခုနှစ်မှ ၂၀၀၄-၂၀၀၅ ခုနှစ်အထိ ပထမ ငါးနှစ်စီမံကိန်း ကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ ဒုတိယ ငါးနှစ်စီမံကိန်းကာလအဖြစ် သတ်မှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အင်းလေးကန်မိုင် ၂၀ ဝန်းကျင်အတွင်း ပါဝင်သော တောင်ကြီးခရိုင်မှ ၁၀မြို့နယ်နှင့် လွိုင်ကော်ခရိုင်မှ လွိုင်ကော်မြို့နယ်တို့ကို စီမံကိန်းနယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ၎င်းပြင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်မှုကော်မတီများဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လမ်းညွှန်ခဲ့

နိုင်ငံတော်အကြီးအကဲက အင်းလေးကန် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် လမ်းညွှန်ချက်ခုနစ်ချက် ချမှတ်ခဲ့ရာ သစ်တောများ မပြုန်းတီးရေးနှင့်ပတ်သက်၍ **“အင်းလေးကန်ပတ်လည် မိုင် ၂၀ အတွင်း သစ်တော၊ သစ်ပင်ခုတ်ယူခြင်းနှင့် တောင်ယာများပြုလုပ်ခြင်းကို တားမြစ်ရန်”**ဟု လမ်းညွှန်ခဲ့သည်။

အင်းလေးကန် တိမ်ကောခြင်း အကြောင်းရင်းများအနက် ရေဝေရေလဲဧရိယာတွင် သစ်တောများပြုန်းတီးမှုကြောင့် မိုးရေတိုက်စား၍ သဲနုန်းများ ကျရောက်ခြင်းသည် အဓိကအချက်တစ်ချက် ပင်ဖြစ်သည်။

အမြဲစိမ်းလန်းစိုပြည်ရန်

အင်းလေးကန် မိုင်၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဦးစီးကော်မတီအနေဖြင့် လုပ်ငန်းဦးတည်ချက်ခြောက်ခု ချမှတ်ခဲ့ပြီး ၎င်းတို့အနက် **“အင်းလေးကန်၏ ပတ်ဝန်းကျင် ရေဝေရေလဲဒေသများ၌ သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောများပြန်လည်စိုက်ပျိုးခြင်းတို့ဖြင့် ကန်ပတ်ဝန်းကျင်ဒေသများ အမြဲစိမ်းလန်းစိုပြည်စေရန်”**ဟူသည့် အချက်တစ်ချက် ပါဝင်သည်။ ၎င်းအပြင် အင်းလေးကန် စိမ်းလန်းစိုပြည်စေရေးအတွက် ဒေသန္တရတားမြစ်ချက် ၁၂ချက်တွင် “အင်းလေးကန် မိုင် ၂၀ ဝန်းကျင် တောင်ယာခုတ်ခြင်း၊ ထင်းခုတ်ခြင်း မပြုလုပ်ရန်”ဟူသည့် အချက်တစ်ချက်ပါဝင်သည်။

အင်းလေးကန် မိုင် ၂၀ ဝန်းကျင် စိမ်းလန်း စိုပြည်ရေးအတွက် စီမံကိန်းကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး စီမံကိန်းကာလများသတ်မှတ်ကာ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ကို အခြေခံ၍ အင်းလေးကန်တိမ်ကောရခြင်း အကြောင်းရင်းများကို ရှာဖွေပြီး လုပ်ငန်း ဦးတည်ချက်ချမှတ်ခြင်း၊ ဒေသန္တရ တားမြစ်ချက်များ ထုတ်ပြန် ဆောင်ရွက်ခဲ့သည်။ ထိုအချက်များတွင် အင်းလေးကန် မိုင် ၂၀ ဝန်းကျင်**“သစ်တောများ မပြုန်းတီးရေးအတွက် သစ်ပင်မခုတ်ရ”**ဟူသည့် အချက်သည် အဓိကအကျဆုံး အချက် တစ်ချက်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပေသည်။

အဓိကအကြောင်းရင်း

သစ်ပင်ခုတ်ခြင်း၏ အဓိကအကြောင်းရင်းနှစ်ချက်မှာ တောင်ယာလုပ်ရန်အတွက် ခုတ်ထွင်ခြင်း၊ ထင်းရရှိရေး အတွက် ခုတ်ထွင်ခြင်းဖြစ်သည်။ ထင်းရရှိရေးအနေဖြင့် ရှမ်းပြည်နယ်တွင် ထုံးဖုတ်လုပ်ငန်းအတွက် အသုံးပြုခြင်းသည် အဓိကအချက်တစ်ချက် ဖြစ်သည်။ ထုံးဖုတ်လုပ်ငန်းအတွက် ထုံးဖိုတစ်ဖို မီးဖုတ်ရန် သက်တမ်းရင့် အသားမာ သစ်ပင်ကြီးနှစ်ပင်နှင့် သက်တမ်းနုသစ်ပင် ၅၀ခန့် လိုအပ်ကြောင်း လေ့လာသိရှိရသည်။ (ထုံးတစ်ဖိုလျှင် ထုံး၁၅တန်ခန့် ရရှိသည်။)

အကျိုးရှိ

အင်းလေးကန် မိုင်၂၀ဝန်းကျင်တွင်ရှိသော ပင်လောင်းမြို့နယ် နောင်တရားမြို့ တီကျစ်ကျေးရွာရှိ ရေနွေးငွေ့လျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ထွက်ရှိသော ကျောက်မီးသွေးပြာ(Fly Ash) ဟု အသိများသော လောင်ကျွမ်းပြီး ကျောက်မီးသွေးပြာမှုန့်(Pluverized Fly Ash)သည် လျှပ်စစ်စွမ်းအင်ရရှိရန် အသုံးပြုသော မြေဆန်သည့် ကျောက်မီးသွေး လောင်ကျွမ်းခြင်းမှရရှိသော ပြာကြွင်းဖြစ်သည်။ ထို့ပြင် ဘိလပ်မြေဆန်သော ဂုဏ်သတ္တိ(Cementitious Properties) ရှိကြောင်းလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလာခဲ့သည်။ ၎င်းပြာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများ အရ ကွန်ကရစ်ဖျော်စပ်ရာ၌ (Portland cement) နေရာတွင် တိကျသော စံနှုန်းသတ်မှတ်ချက်များအတိုင်း တစ်စိတ်တစ်ဒေသအစားထိုး ထည့်သွင်းအသုံးပြုပါက များစွာ အကျိုးရှိကြောင်း တွေ့ရှိခဲ့ကြသည်။

၂၀၀၆ ခုနှစ်မှစ၍ ဆည်မြောင်းဦးစီးဌာနက ပုပ္ပားဒေသမှထွက်ရှိသော သဘာဝ ပိုဇိုလန် (Pozzolan)နှင့် တီကျစ်ရေနွေးငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှထွက်ရှိသော Fly Ash Pozzolan တို့အား ဘိလပ်မြေ၏ ၄၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အစားထိုးသုံးစွဲရန်ထောက်ခံခဲ့သည်။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှလည်း ကျိုင်းတောင်းရေအား လျှပ်စစ်စက်ရုံတည်ဆောက်ရာတွင် လမ်း ခင်းခြင်းနှင့် ရေမြောင်းများပြုလုပ်ရာတွင် ဘိလပ်မြေနှင့် ကျောက်မီးသွေးပြာရောစပ်၍ အသုံးပြုခဲ့သည်။

ရေစပ်ပြီး ၁း၆ အချိုးဖြင့် လမ်းခင်းထားသည်ကို တွေ့ရသည်။

နောင်တရားမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးအဝင်လမ်းကို ကျောက်မီးသွေးပြာနှင့် ဖြုန်းသဲ ၁း၅ဖြင့် လမ်းခင်းဆောင်ရွက်ခဲ့သည်။ တီကျစ်ဒေသရှိ ဒေသခံတပ်ရင်း နှစ်ရင်းတွင်လည်း တပ်တွင်းလမ်းများကိုလည်း ကျောက်မီးသွေးပြာတစ်ဆ၊ ဖြုန်းသဲသုံးဆ ရောစပ်ပြီး ခြောက်လက်မထု ခင်းထားသော လမ်းအဖြစ်အသုံးပြုခင်းထားသည်ကိုတွေ့ရသည်။ ထို့အပြင် အောင်ပန်းမြို့ ပစ္စူပွန် ဓမ္မရိပ်သာ ဘုန်းကြီးကျောင်း အဝင်လမ်းမှာလည်း ကျောက်မီးသွေးပြာတစ်ဆ၊ ဖြုန်းသဲ ခြောက်ဆတို့ဖြင့်ရောစပ်ခင်းထားပြီး မျက်နှာပြင်အား ဘိလပ်မြေနှင့် ဖြုန်းမှုန့် ရောစပ်အသုံးပြုထားကြောင်း သိရသည်။

တီကျစ်ကျောက်မီးသွေးပြာနှင့် ဖြုန်းသဲများအသုံးပြု၍ ဒေသခံတပ်ရင်းအတွင်း လမ်းခင်းနေမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

လမ်းပေါက်များဖာထေး

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အောင်ပန်း-ပင်လောင်း လမ်းအပိုင်းရှိ ချိုင့်ခွက်များတွင် (တစ်လက်မ -နှစ်လက်မ) ကျောက်များအောက်မှ ဖြည့်ပြီး Fly Ash နှင့် ဖြုန်းသဲအား ၁း၃ အချိုးဖြင့် ဖျော်စပ်၍ လမ်းပေါက်များ ဖာထေးခဲ့သည်။

တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်အတွင်းရှိ နေအိမ်များတွင်လည်း Fly Ash အသုံးပြု၍ ကွန်ကရစ်ကြမ်းခင်းခြင်း၊ အုတ်တံတိုင်း ကာရံခြင်း၊ ဘလောက်အုတ်ရိုက်ခြင်းလုပ်ငန်းများတွင်အသုံးပြုထားကြောင်းတွေ့ရသည်။

အကျိုးကျေးဇူး

ယခုအခါ တီကျစ်၊ တောင်ကြီး၊ လွိုင်ကော်နှင့် ကလောဒေသများအပြင် နေပြည်တော်၊ မိတ္ထီလာနှင့် ပြည်မြို့တို့တွင် ကျောက်မီးသွေးပြာများအား ကွန်ကရစ်လမ်းခင်းခြင်းတွင်လည်းကောင်း၊ ပန်းရန်လုပ်ငန်းများတွင်လည်းကောင်း၊ ဖြုန်းအုတ်ထုတ်လုပ်ရာတွင်လည်းကောင်း ဘိလပ်မြေနှင့် ထုံးအသုံးပြုခြင်းမှ အစားထိုးသုံးစွဲခြင်းကြောင့် ကုန်ကျစရိတ်သက်သာခြင်း အကျိုးကျေးဇူးကို ရရှိနေသဖြင့် ဒေသထွက် ကျောက်မီးသွေးပြာများအား တွင်ကျယ်စွာ အသုံးပြုနေပေပြီ။

တီကျစ်ရေနွေးငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နေ့စဉ် ကျောက်မီးသွေးပြာ တန် ၁၀၀မှ ၁၅၀အထိ ထွက်ရှိသဖြင့် တစ်နှစ်လျှင် ကျောက်မီးသွေးပြာတန်ချိန် ပေါင်း ၃၆၅၀၀ မှ ၅၄၇၅၀အထိ ရရှိနိုင်သည်။ ထိုသို့ထွက်ရှိလာသော **ကျောက်မီးသွေးပြာများကို အင်းလေးဒေသ မိုင် ၂၀ ဝန်းကျင်တွင် ထုံးအစားထိုး အသုံးပြုနိုင်ပါက နှစ်စဉ်ထုံးတန်ချိန် ၃၆၅၀၀ မှ ၅၄၇၅၀အထိ လျှော့ချအသုံးပြုနိုင်မည်** ဖြစ်သည်။ ထိုသို့ လျှော့ချအသုံးပြုခြင်းဖြင့် **တစ်နှစ်လျှင် သက်ရင့်အသားမာ သစ်ပင်ပေါင်း ၅၀၀၀မှ ၇၅၀၀ အထိလည်းကောင်း၊ သက်တမ်းနုသစ်ပင် ၁၂၀၀၀၀ မှ ၁၈၀၀၀၀ အထိလည်း ကောင်း ထုံးဖုတ်ထင်းအဖြစ် ခုတ်ယူခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။**

ကာကွယ်

ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သည်ဆိုသကဲ့သို့ သစ်ပင်တို့ကို စတင်စိုက်ပျိုးခြင်းထက် ရှိပြီးသား သစ်ပင်များအားခုတ်မလှဲရန် ကာကွယ်ခြင်းက ပိုမိုအကျိုးရှိမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အင်းလေးကန်မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အဓိကကျသော သစ်ပင်များ မခုတ်လှဲရေးအတွက် ထုံးဖုတ်ရာတွင် ခုတ်လှဲမည့် သစ်ပင်များအား ထုံးအစားထိုး ကျောက်မီးသွေးပြာ အသုံးပြုခြင်းဖြင့် နှစ်စဉ်သစ်ပင်ပေါင်း သိန်းချီ၍ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

အင်းလေးကန်ဝန်းကျင် သစ်တောများပြုန်းတီးလာမှုကြောင့် သဲနုန်းများပို့၍ ရေလမ်းကြောင်း တိမ်ကောနေမှုကို ပြန်လည်တူးဖော်နေစဉ်။ (မြန်မာ့အလင်း)

ဈေးတွင်းလမ်း

တီကျစ်ဒေသထွက် ကျောက်မီးသွေးပြာအား လက်တွေ့အသုံးပြုလျက် ရှိရာ ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် အမာခံရှိပြီးဖြစ်သည့် ဈေးအတွင်းလမ်းကို ကျောက်မီးသွေးပြာနှင့် ဖြုန်းသဲ

● တီကျစ်ရေနွေးငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နေ့စဉ် ကျောက်မီးသွေးပြာ တန် ၁၀၀မှ ၁၅၀အထိ ထွက်ရှိသဖြင့် တစ်နှစ်လျှင် ကျောက်မီးသွေးပြာ တန်ချိန်ပေါင်း ၃၆၅၀၀မှ ၅၄၇၅၀အထိ ရရှိနိုင်။

● ထွက်ရှိလာသော ကျောက်မီးသွေးပြာများကို အင်းလေးဒေသ မိုင် ၂၀ ဝန်းကျင်တွင် ထုံးအစားထိုး အသုံးပြုနိုင်ပါက နှစ်စဉ် ထုံးတန်ချိန် ၃၆၅၀၀မှ ၅၄၇၅၀အထိ လျှော့ချ အသုံးပြုနိုင်မည်။

● တစ်နှစ်လျှင် သက်ရင့်အသားမာ သစ်ပင်ပေါင်း ၅၀၀၀ မှ ၇၅၀၀အထိ လည်းကောင်း၊ သက်တမ်းန သစ်ပင် ၁၂၀၀၀၀ မှ ၁၈၀၀၀၀ အထိလည်းကောင်း ထုံးဖုတ်ထင်းအဖြစ် ခုတ်ယူခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာစာပေမှာ ဘာသာပြန်သူတွေအတွက် စာအုပ်ကောင်းတွေအများကြီးထွက်ရှိနေ စာပေပရိသတ်က မြန်မာဖြစ်နေတော့ မြန်မာဝေါဟာရ အသုံးအနှုန်းကြွယ်ဝဖို့ အရေးကြီး

မူရင်းအဓိပ္ပာယ်ခြုံငုံပြီး ပရိသတ်အဓိပ္ပာယ်ပေါက်အောင် ရေးနိုင်ရင်ပိုကောင်း

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့် ဆွေ

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာပွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇူလိုင် ၂၃

မြန်မာ့စာပေလောကမှာ ဘာသာပြန်စာပေဟာ အဆင့်အတန်းရှိရှိ ရပ်တည်နိုင်ခဲ့ပါတယ်။ တကယ်တော့ ဘာသာစကားတစ်ခုနဲ့တစ်ခုဖလှယ်ပြီး ရေးသားရတာဟာ လွယ်ကူတဲ့ကိစ္စတော့မဟုတ်ပါဘူး။ ဒါကြောင့် မြန်မာ့စာပေလောကရဲ့ ဘာသာပြန်စာပေအပေါ် အမျိုးသားစာပေဆုရ ဘာသာပြန်စာရေးဆရာကျော်ဝင်းရဲ့ အမြင်ကို ဖော်ပြလိုက်ပါတယ်…

စိတ်ထဲစွဲနေအောင်

"ဘာသာပြန်စာပေရဲ့ ယေဘုယျသဘောကို ပြောရရင် နှစ်မျိုးရှိတာပေါ့။ သုတနဲ့ရသ ဘာသာပြန်ဆိုမှုတွေလို့ဆိုရင်လဲ ဆိုနိုင်ပါတယ်။ ဘာသာပြန် ရသစာပေကောင်းတွေ ဟိုးအရင်နှစ်တွေက အားကောင်းခဲ့ကြတယ်။ ဆရာကြီးရွှေဥဒေါင်းကအစ ဆရာမြသန်းတင့်အဆုံးပေါ့။ သူတို့ရဲ့ ဘာသာပြန်ဆိုမှုတွေဟာ စာဖတ်သူတွေ စိတ်ထဲစွဲနေအောင် ရေးသားနိုင်ခဲ့ကြတယ်။ အဲဒီအချိန်တုန်းက ဘာသာပြန်သုတစာပေတွေ အားနည်းခဲ့ကြပါတယ်။ ဒါကလည်း ဈေးကွက်ကြောင့်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာသာပြန်သုတစာအုပ်တွေဟာ ဘာသာရပ်ဆိုင်ရာတွေ များလွန်းတော့ စာဖတ်ပရိသတ်ကို မဆွဲဆောင်နိုင်ခဲ့ဘူး။ ဒါကြောင့် စာဖတ်ပရိသတ် နည်းပါးခဲ့ပါတယ်"လို့ ဆရာ ဦးကျော်ဝင်းက အရင်ခေတ်က ဘာသာပြန်စာပေ အနေအထားကို ပြောပြပါတယ်။

ဘာသာပြန်စာအုပ်

ဆက်လက်ပြီး ယနေ့ခေတ် ဘာသာပြန်စာပေအပေါ် သူ့အမြင်ကိုပြောပြတဲ့အခါ **"ဒီနေ့အချိန်မှာ ဘာသာပြန်သုတ**

မူရင်းဘာသာစကားအောက်က ရုန်းထွက်ပြီး ရေးနိုင်ကြဖို့လဲ လိုအပ်ပါတယ်။

ကျော်ဝင်း
အမျိုးသားစာပေဆုရ
(ဘာသာပြန်စာရေးဆရာ)

စာအုပ်တွေမှာ ရသတွေပါဝင်လာပါတယ်။ ဒါကလည်း ဒီနေ့ခေတ်ရဲ့ စာဖတ်ပရိသတ်တွေ တောင်းဆိုမှုကြောင့်ပါပဲ။ စာဖတ်ပရိသတ်က ဘာသာပြန်သုတစာပေတွေ တောင်းဆိုနေပေမယ့် တကယ်တမ်း သုတရသမြောက်အောင်ရေးနိုင်တဲ့ ဘာသာပြန်စာရေးဆရာတွေ ရှားပါးလာပါတယ်။ ကျွန်တော်တို့တွေ တတ်နိုင်သလောက်ကြိုးစားရေးပေမယ့် အကောင်းချည်းမဟုတ်ပါဘူး၊ ဘာသာပြန်သုတစာပေတွေကို ရသမြောက်အောင် ရေးတဲ့အခါမှာ ကျွန်တော်တို့ကိုယ်တိုင် အားရကျေနပ်မှုမရှိသေးပါဘူး။ ဘာသာပြန်သုတစာပေတွေကို ကျွန်တော် စရေးတော့ သံသယနဲ့ ရေးဖြစ်ခဲ့တာပါ။ ဒါပေမယ့် ပရိသတ်တွေရှိနေတဲ့အတွက် ကျေနပ်ခဲ့ရတယ်။ ပရိသတ်ကတော့ ဖတ်ဖို့အတွက် တာဝန်ကျေကျေရှိနေပါတယ်။ ကျွန်တော်တို့ ဘာသာပြန် စာရေးဆရာတွေ ဘက်ကသာ ဘာသာပြန်စာအုပ်တွေ များများရေးနိုင်ဖို့ လိုအပ်တာပါ။ အခုထွက်ရှိနေတဲ့ ဘာသာပြန်စာအုပ်တွေက ကျွန်တော်တို့နိုင်ငံအတွက်ဆိုရင် ဒီထက်များများ ထွက်ရှိဖို့တော့ လိုအပ်နေပါသေးတယ်" လို့ ပြောပြပါတယ်။

ပေါင်းစပ်ရေးသား

ဘာသာပြန် စာပေရေးသားသည့်အခါ အကြောင်းအရာရွေးချယ်မှုနဲ့ပတ်သက်ပြီးလည်း **"စာရေးသူအကြိုက်နဲ့ ပရိသတ်**

သူ့အတွေးအမြင်

တွေအတွက် သင့်တော်မယ့်စာအုပ်မျိုးတွေ ရေးနိုင်ကြရင်ကောင်းပါတယ်။ နိုင်ငံတကာမှာ ဒီနေ့ထွက်ရှိနေတဲ့စာအုပ်တွေဟာ သုတရသမျှအောင် ပေါင်းစပ်ရေးသားလာကြတဲ့ စာအုပ်တွေများလာတယ်။ ဒါကြောင့် ရေးဟန်ပြောင်းလာတဲ့ ဒီနေ့ နိုင်ငံတကာစာပေမှာ ဘာသာပြန်သူတွေအတွက် စာအုပ်ကောင်းတွေ အများကြီးထွက်ရှိနေပါတယ်။ ရေးလို့မကုန်နိုင်ပါဘူး"လို့လည်း ဆရာဦးကျော်ဝင်းက သူ့အမြင်ကို ဆက်ပြောပြပါတယ်။

မြန်မာဝေါဟာရအသုံးအနှုန်း

ဘာသာပြန်စာပေရေးတာနဲ့ ပတ်သက်ပြီး **"စာအုပ်စာပေတွေက နိုင်ငံတကာမှာ နေ့တိုင်းထွက်ရှိနေတာမို့ စကားလုံးအသစ်တွေ နေ့တိုင်းပေါ်ထွက်နေပါတယ်။ အဘိဓာန်မှာမရှိတဲ့ စကားလုံးတွေလဲ အများကြီးပါပဲ။ ဒါတွေကို သက်ဆိုင်ရာအဖွဲ့ အစည်းက စုစည်းပြီးလုပ်နိုင်ကြရင်တော့ အကောင်းဆုံးပါပဲ။ ပညာရှင်တွေတိုင်ပင်ပြီး ပြုစုကြရင် ဝမ်းသာစရာပါ။ ဘာသာပြန်တဲ့အခါ ဘာသာစကားကွဲပြားနေတာမို့ မူရင်းအတိုင်း ဘယ်လိုမှ ရာနှုန်းပြည့်ပြန်ဆိုလို့ မရနိုင်ပါဘူး။ ကိုယ့် ဘာသာပြန်ရေးလိုက်တဲ့စာကိုဖတ်မယ့် ပရိသတ်က မြန်မာဖြစ်နေတော့ မြန်မာဝေါဟာရအသုံးအနှုန်းလဲ ကြွယ်ဝဖို့ အရေးကြီးပါတယ်။ ဒါကြောင့် မြန်မာစာအရေးအသား ကောင်းမွန်ဖို့လဲ လိုအပ်နေပါတယ်။ စာဖတ်သူတွေအတွက် လွယ်ကူရှင်းလင်းအောင် ရေးနိုင်ကြဖို့လဲ အထူးလိုအပ်ပါတယ်။ မူရင်းအဓိပ္ပာယ် ခြုံငုံမိပြီး ပရိသတ်အဓိပ္ပာယ်ပေါက်အောင် ရေးနိုင်သလို ဆွဲဆောင်မှုရှိအောင်လဲ ရေးနိုင်ကြရင် ပိုကောင်းမယ်လို့ ထင်ပါတယ်"**လို့ မြန်မာ့အလင်းသို့ ရှင်းပြခဲ့ပါတယ်။

ဝေါဟာရအသုံးအနှုန်း

လက်ရှိမြန်မာနိုင်ငံရဲ့ ဘာသာပြန် စာပေလောကမှာ မျိုးဆက်သစ်တွေအပေါ် အမြင်ကိုလည်း **"ဒီနေ့ခေတ်မှာ လူငယ်တွေ အင်္ဂလိပ်စာကို အများကြီးလေ့လာလိုက်စားကြပါတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေလဲ များတာမို့လေ့ကျင့်ဖို့၊ ရေးသားဖို့အတွက်လည်း နေရာတွေ အသင့်ရှိနေပါတယ်။ သူတို့တွေ အင်္ဂလိပ်စာလေ့လာလိုက်စားမှု ရှိကြပေမယ့် မြန်မာစာကို လေ့လာမှုအားနည်းကြတာ တွေ့ရတယ်။ နောက်ပြီး ဘာသာစကားဟာ တစ်ခုနဲ့တစ်ခု ထပ်တူ မဖြစ်နိုင်တာမို့ ဘာသာစကားနဲ့ စာပေအောက်က ရုန်းထွက် ရေးနိုင်ကြဖို့လဲ လိုအပ်ပါတယ်။ မူရင်းဘာသာ စာပေအတိုင်း အတိအကျလိုက်လွန်းရင် နားလည်မှုတွေလွဲမှားပြီး လိုရင်းမရောက်နိုင်တော့ပါဘူး။ အခုအချိန်မှာ သက်ဆိုင်ရာ ဘာသာရပ် ပညာရှင်တွေလည်း ဘာသာပြန်စာပေရေးလာကြတာမို့ ဘာသာရပ်ဆိုင်ရာ ဝေါဟာရအသုံးအနှုန်းတွေပိုပြီး မှန်ကန်ကောင်းမွန်စွာ သုံးနိုင်တာတွေ့ရတာမို့ ဝမ်းသာစရာပါပဲ။ အပြင်မှာ မြန်မာစာဖတ်ပရိသတ်အတွက် သိသင့်သိထိုက်ပြီး ရေးသင့်တဲ့ စာအုပ်တွေ အများကြီးရှိနေပါတယ်။ ကျွန်တော်တို့တွေ တာဝန်ကျေဖို့ လိုအပ်နေတယ်လို့ ထင်ပါတယ်။ အားလုံးဝိုင်းပြီး လုပ်ဆောင်ကြရင် အကောင်းဆုံး ဖြစ်သွားမှာပါ"**လို့ အမျိုးသားစာပေဆုရ ဘာသာပြန်စာရေးဆရာကျော်ဝင်းက ဘာသာပြန်စာပေအပေါ် သူ့အမြင်ကို ပြောပြခဲ့ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

လေဘေးကာလမတိုင်မီက ဆန်အဝင်နှုန်းအတိုင်း ပုံမှန်ဖြစ်လာ မြို့နယ်အချို့က ဆန်များဝင်လာသဖြင့် ဆန်ဈေးနှုန်းကျဆင်း

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့ ဆိပ်ကမ်းနယ်မြေ (ဝါးတန်း)ရှိ ဆန်စပါး ကုန်စည်ဒိုင်သို့ လေဘေးကာလမတိုင်မီက ဝင်ရောက်ခဲ့သည့် ဆန်အဝင်နှုန်းအတိုင်း ယခုအခါ ပုံမှန်ဖြစ်လာသည့်အပြင် ရေစိုဆန်များ အဝင်ပိုမိုများပြားလာသဖြင့် ဆန်ဈေးနှုန်း သိသိသာသာ ကျဆင်းခဲ့ကြောင်း ကုန်စည်ဒိုင်တွင် တွေ့မြင်ကြားသိခဲ့ရသည်။

ဘုရင့်နောင်ဆန်ပွဲရုံများတွင် ပေါ်ဆန်း ဆန်ကောင်း တစ်တင်းခွဲတစ်အိတ်လျှင် ရွေးပြီးသန့်စင်ပြီး ဆန်အနေအထား

ဇဟိုစံပြငါးဈေးကြီးတွင် ရောင်းချရန်အတွက် အရွယ်တူငါးမြစ်ချင်းများကို ဤသို့ ခွဲခြားရွေးချယ်ကြသည်။ (မြန်မာ့အလင်း)

ပေါ်လိုက်၍ ကျပ် ၃၀၀၀၀ မှ ကျပ် ၃၉၀၀၀၊ ဧည့်မထအုပ်စုဝင် ဆန်မှာ ရွှေဝါထွန်း၊ ဇီယာ၊ မနောသုခ ဆန်များမှာလည်း တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၁၈၅၀၀ မှ ကျပ် ၂၀၀၀၀၊ မီးဒုံး၊ ကမာကြည်၊ ပေါ်ကွဲဆန်သည် ကျပ် ၂၀၀၀၀ မှ ကျပ် ၂၃၀၀၀၊ ငစိန်အုပ်စုဝင်ဆန်မှာ ကျပ် ၁၀၀၀၀ မှ ကျပ် ၁၆၅၀၀ အထိရှိသည်။ အဝါရောင်သန်းသည့် ပေါ်ဆန်း ရေစိုဆန်မှာ ခေါင်ဖွင့်အဝါ၊ ရေမြုပ်အဝါ၊ ရေစိုအနည်း အများပေါ်လိုက်၍ တစ်အိတ်လျှင် ကျပ် ၅၀၀၀မှ ကျပ် ၁၀၀၀၀အထိ ဈေးရှိသည်။

အဝယ်အေး

ဘုရင့်နောင်ဈေး လက်လီလက်ကား ဆန်ရောင်းသူတစ်ဦး၏ ပြောပြချက်အရ လေဘေးကျပြီး ကာစက ဈေးတက်သော်လည်း ယခုအခါ ပုံမှန်ထက်ပင် ဈေးလျော့၍ အရောင်းအဝယ်လည်း အေးနေကြောင်း၊ ပဲခူးတိုင်း အရှေ့၊ အနောက်ခြမ်းများနှင့် ဆည်ရေသောက်စပါးများပါ ဝင်ရောက်လာနေကြောင်း၊ ရန်ကုန်တိုင်း ခရမ်း၊ သုံးခွ၊ သနပ်ပင်နှင့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း မြို့နယ်များမှလည်း ဆန်များ ထွက်ရှိနေသဖြင့် ဆန်ဈေးကျပြီး အဝယ်အေးနေခြင်း ဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင် ကမ်းနား ဗားကရာ ကုန်စည်ဒိုင်တွင် မိုးကြံ အကောင်း ၁၀ ချောင်း တစ်စည်း ကျပ် ၁၀၀၀ မှ ကျပ်၁၂၀၀ဈေးရှိသည်။(မြန်မာ့အလင်း)

မြေပဲဆီ

ဘုရင့်နောင်ပွဲရုံ မြေပဲဆီဈေး တစ်ပိဿာမှာ ကျပ် ၄၈၀၀ဖြစ်ပြီး၊ မလေးရှား၊ အင်ဒိုနီးရှားတို့မှ တင်သွင်းသော ဟင်းသီးဟင်းရွက်ဆီမှာ ကုမ္ပဏီများမှ တင်သွင်းပြီး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ အောင်သန်း(မင်္ဂလာတောင်ညွန့်)

နေ့စဉ် ဆီဈေး အပြောင်းအလဲရှိသည်။ ပြည်တွင်းဖြစ်ပဲပိစပ်ဆီမှာကိုလက်စထရော နည်းသည့်အတွက် ဝယ်ယူစားသုံးသူ ပိုမိုများပြားလာကြောင်း သိရှိရသည်။

ဆားဈေးကျသွား

ဆားဈေးလည်းကျပြီး ယခုအခါ အိုင်အိုဒင်းဆားတစ်ပိဿာ ကျပ် ၄၉၀ မှ ၅၀၀ အထိရှိသည်။ ကြက်သွန်နီမှာ အလုံးအရွယ်အစားပေါ်မူတည်၍ တစ်ပိဿာ ကျပ် ၅၀၀ မှ ကျပ်၆၀၀၊ ကြက်သွန်ဖြူမှာ အိတ်လိုက်ဈေးတစ်ပိဿာ ကျပ် ၁၀၀၀ မှ ကျပ် ၁၂၀၀ ဈေးရှိသည်။

ငါးနှင့်ပုစွန်

ကြည့်မြင်တိုင် ဇဟိုစံပြငါးဈေးကြီးတွင် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့မှငါး၊ ပုစွန်နေ့စဉ် ပိဿာ တစ်သိန်းနှစ်သောင်းကျော် ပုံမှန်ဝင်ရောက်နေသည်။ မုန်တိုင်း မတိုက်ခတ်မီက ငါး၊ ပုစွန် ပိဿာနေ့စဉ် တစ်သိန်းငါးသောင်းခန့်ဝင်ရောက်ခဲ့သည်။ ငါးကြင်း တစ်ပိဿာ အကောင်အရွယ်အစားပေါ်မူတည်၍ ကျပ် ၁၈၀၀မှ ကျပ်၃၂၀၀၊ ငါးမြစ်ချင်းမှာ ကျပ် ၁၃၀၀မှကျပ် ၂၁၀၀၊ ငါးရံ့မှာကျပ်၂၁၀၀မှ ကျပ်၃၅၀၀၊ ငါးခူများမှာ ကျပ် ၂၅၀၀မှ ကျပ် ၄၅၀၀၊ ငါးသလောက်မှာ ရာသီမဟုတ်၍ အနည်းငယ်သာဝင်သဖြင့် ကျပ် ၃၅၀၀မှ ကျပ်၁၂၀၀၀၊ ပုစွန်မှာလည်းအဝင်နည်းသွားသဖြင့် ပုစွန်ကျော့ တစ်ပိဿာ ကျပ် ၁၆၀၀မှကျပ် ၂၂၀၀၊ ဖော့ချိတ် ကျပ်၂၅၀၀ မှ ကျပ် ၃၈၀၀၊ ပုစွန်ဆတ်သေး၊ ကြီး ကျပ် ၅၀၀၀မှ ကျပ် ၇၅၀၀၊ ပုစွန်တုပ်ကြီး ကျပ်၁၂၀၀၀မှ ကျပ်၁၉၅၀၀ ဈေးရှိသည်။

အုန်းနှင့်ငှက်ပျော

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း ဗားကရာအုန်း၊ ငှက်ပျော၊ ကြံကုန်စည်ဒိုင်တွင် ဝါမဝင်မီက ဈေးမြောက်ခဲ့သော အုန်း၊ငှက်ပျောမှာဝါဝင်ပြီးဖြစ်၍ဈေးကျလာခဲ့သည်။ ဧရာဝတီတိုင်းမှ အုန်း၊ ငှက်ပျော အဝင်နည်း၍ ကျောက်ဆည်၊ ပန်းတနော်၊ ကျုံပျော်တို့မှ အစားထိုးဝင်ရောက်လာသည်။ကျောက်ဆည် ငှက်ပျောတစ်ဖီး ကျပ် ၁၀၀၀မှ ကျပ် ၁၅၀၀၊ ဆွဲအုန်းသီးမှာ ကျပ် ၄၀၀ မှ ကျပ်၅၀၀၊ အခွံချွတ် အုန်းသီးတစ်လုံး ကျပ် ၃၅၀မှ ကျပ်၄၀၀၊ သီးမွှေး ငှက်ပျော တစ်ဖီးလျှင် ကျပ် ၅၀၀ မှ ကျပ် ၁၅၀၀ ဖြစ်သည်။ အရည်ညှစ်ရောင်းသော နွေကြံများ မဝင်တော့ဘဲ ထန်းတပင်မြို့နယ်၊ ဝါးတစ်ရာ၊ ကလိန်ကျေးရွာ၊ မှော်ဘီမြို့နယ် လိန်ကုန်းရွာတို့မှ မိုးကြံများထွက်ရှိပြီး ကြံအကောင်း ၁၀ချောင်း တစ်စည်းလျှင် ကျပ် ၁၀၀၀မှ ကျပ် ၁၂၀၀၊ ကြံမကောင်းလျှင် ကျပ် ၄၀၀မှ ကျပ်၅၀၀ ဈေးရှိကြောင်း၊ ယခုသီတင်းပတ်အတွက် အခြေခံ စားကုန်နှင့်ကုန်စည်ဈေးနှုန်း သတင်း အချို့ကို ကွင်းဆင်းမေးမြန်း စေ့ငုဖော်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ဘုရင့်နောင်ပွဲရုံတန်းတွင် မြေပဲဆီ တစ်ပိဿာ ကျပ်၄၈၀၀ဖြင့် လက်လီလက်ကား ရောင်းချပေးသည်။
(မြန်မာ့အလင်း)

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် ၄ရပ်ကွက် စာဂ၂၂လမ်းအမှတ် ၆၂၇နေ နှစ်ဖက်သော ဘိုးဘွားမိဘများအား ရည်စူး၍ ဦးကျော်ဘုန်းဦး-ဒေါ်သက်သက်အေး၊ သား မောင်သီဟမင်းသိမ်း၊ သမီး မဆုမြတ်ရတီ မိသားစုက သုတ္တန္တပိဋက ခုဒ္ဒကနိကာယ် အပဒါန ပါဠိတော် (၃-အုပ်)ကြေးပြားငါးချပ် တန်ဖိုးငွေကျပ် ၁၃၀၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနက ကြီးမှူးကျင်းပသောမထေသ၊ မော်တော်ယာဉ်၊ ထော်လာဂျီ၊ရေယာဉ်၊ စက်လှေ အသင်း မိသားစုများ စုပေါင်း၍ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ပုသိမ်မြို့ တကောင်း ဘုရားလမ်း ကုန်းသာပရိယတ္တိ စာသင်တိုက်၌ ကျင်းပရာ ဧရာဝတီတိုင်း ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌ ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စန်းက တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဘဒ္ဒန္တဝိလာသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ကုန်းသာကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၅၇)

သာသနာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၃

သာသနာရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၂၁ရက် ညနေ၄နာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ မျက်နှာစာ၌ ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်၍ သစ်ပင်များကို စိုက်ပျိုးကြသည်။

ရှေးဦးစွာ ဝန်ကြီးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သြဇာပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးသည်။**(အပေါ်ပုံ)** ထို့နောက် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ကွဲကောပင်၊ ပိန္နဲပင်၊ သရက်ပင်တို့ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စိုက်ပျိုးသည့် သာသနာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သြဇာ၊ နွယ်သာကီ၊ ခရေ၊ ကံ့ကော်၊ ကြက်ဆူ၊ သရက်အစရှိသည့်အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် သီးပင်စားပင် ၈၂၅၀တို့ကို စိုက်ပျိုးကြသည်။ **(သတင်းစဉ်)**

တပ်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကျောက်မဲ ဇူလိုင် ၂၃

တပ်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက်က ကျောက်မဲမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ တပ်နယ်မှူး ဗိုလ်မှူးချုပ် စံမြင့်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်သန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ဘောလုံးပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကျောက်မဲတပ်နယ် ဌာနချုပ်အသင်းနှင့် နယ်မြေခံတပ်ရင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်မြေခံတပ်ရင်းအသင်းက ကျောက်မဲတပ်နယ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆက်လက်ပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမရရှိသော နယ်မြေခံတပ်ရင်း အသင်းအားတစ်ဦးချင်း ရွှေတံဆိပ်ဆု၊ ဒုတိယရရှိသော ကျောက်မဲတပ်နယ်ဌာနချုပ်အသင်းအား တစ်ဦးချင်းငွေတံဆိပ်ဆု၊ ဂုဏ်ပြုဆုငွေနှင့် ဒိုင်းဆု၊ တတိယရရှိသော နမ့်လန်တပ်နယ်အသင်းအား ဂုဏ်ပြုဆုငွေ၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးဘောလုံးသမားဆု၊ ဂိုးအများဆုံး သွင်းနိုင်သူဆုနှင့် ဒိုင်လူကြီးများအား ဂုဏ်ပြုဆုတို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမရရှိသော နယ်မြေခံတပ်ရင်းအသင်းအား တပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦးက တံခွန်စိုက်ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။(ဝဲပုံ) **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ်နှစ်သိန်းကို မိဘနှစ်ပါးနှင့် သားငယ် ကိုအောင်ဇော်ဦးအား ရည်စူး၍ ဆရာမ ဒေါ်တင်မြ၊ ဒေါ်ခင်သွဲ့၊ သမီး မချိုနွယ်ဦး၊ မယဉ်မင်းထိုက်နှင့် မြေးများမိသားစု တိုက်၂၇ ခုနစ်လွှာ ရေကျော်လမ်းမ ၉ရပ်ကွက် ပုဇွန်တောင်မြို့နယ်က ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်သို့ လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း(စဥ္စကူ-စိုးဝင်း)နှင့်အဖွဲ့က လက်ခံယူစဉ်။ (၁၂၇)

ဥတုရာသီ
တောကိုမှီ၏

ခြေလျင်တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း မြန်မာတောင်တက်အဖွဲ့ မြင်းမထိတောင်နှင့် ဆင်တောင်တို့ကို အောင်မြင်စွာတက်ရောက်နိုင်

နေပြည်တော် ဇူလိုင် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်လုပ်ရှားမှုအဖြစ် အဖွဲ့ဝင် ၃၀၂ ဦးပါဝင်သော တောင်တက်အဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ မြင်းမထိတောင်ကိုလည်းကောင်း၊ ဇူလိုင် ၁၉ရက်တွင် မန္တလေးတိုင်း သာစည်မြို့နယ်အတွင်းရှိ ဆင်တောင်တို့ကိုလည်းကောင်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။

လှုပ်ရှားဆောင်ရွက်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝကို ချစ်မြတ်နိုးစေရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးစေရေးအတွက် အခြေခံကောင်းများ ရှာဖွေဖော်ထုတ်ပေးနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကိုများ၏ ဘဝကိုအနီးကပ် လေ့လာထိတွေ့စေခြင်းဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုစိတ်များ ရှင်သန်တိုးပွားလာစေရန် လူငယ်များ၏ စွန့်စားလိုစိတ်များကို မှန်ကန်တက်ကြွစွာ လုပ်ဆောင်လာတတ်စေရန်၊ လူငယ်များ၏ ဒေသန္တရဗဟုသုတအတွေ့အကြုံများ တိုးတက်ရရှိစေရန်နှင့် ခြေလျင်နှင့်တောင်တက်အားကစား တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တက်ကြွစွာပါဝင်

တောင်တက်အဖွဲ့တွင် မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ အုပ်ချုပ်မှုအဖွဲ့ (မန္တလေး)ဆေးတက္ကသိုလ်၊ (မကွေး)ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ သူနာပြုတက္ကသိုလ်(မန္တလေး)၊ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်(မန္တလေး)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၊ စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ စီးပွားရေးတက္ကသိုလ်(မိတ္ထီလာ)၊ စီးပွားရေးတက္ကသိုလ်(မုံရွာ)၊ ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်(မန္တလေး)နှင့် နည်းပညာကောလိပ်(မန္တလေး)တို့မှ အုပ်ချုပ်သူဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ကြွစွာပါဝင်ခဲ့သည်။

တောင်တက်ခရီးစဉ်အတွက် သွားလာရေးအဆင်ပြေချောမွေ့စေရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လိုအပ်သည်များကို အားပေးကူညီ ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေကျပ်သိန်း ၄၀ ဖောက်ထွင်းခံရမှု ၄၈နာရီအတွင်း သက်သေခံပစ္စည်း ဖော်ထုတ်ဖမ်းဆီးနိုင် ပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်

ရန်ကုန် ဇူလိုင် ၂၃

ငွေကျပ်သိန်း ၄၀ဖောက်ထွင်းခံရမှု ၄၈နာရီအတွင်း သက်သေခံပစ္စည်း ဖော်ထုတ်ဖမ်းဆီးနိုင်ပြီး ပိုင်ရှင်ထံပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၈ရက်က ပုသိမ်မြို့ အသည်ကြီး ရဲစခန်း၌ ကျင်းပရာ စခန်းမှူးရဲအုပ်ကျော်ဇေယျာက အမှုမှ ပြန်လည်သိမ်းဆည်းရမိသော ငွေကျပ်သိန်း၄၀ကို ပိုင်ရှင်ထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

အမှုမှာ ပုသိမ်မြို့ ဦးချိုဆန်စက်ပိုင်ရှင် ဦးမျိုးဝေနှင့်ဇနီး ဒေါ်အုန်းကြည်တို့သည် ဇွန်၂၆ရက် ညနေ ၅နာရီက ဆန်စက်ရုံးခန်းအတွင်းရှိ စာရေးခုံအံဆွဲအတွင်း၌ စပါးဖိုးငွေကျပ်သိန်း၄၀ကို သော့ခတ်သိမ်းဆည်း၍ နေအိမ်သို့ ပြန်သွားခဲ့ကြောင်း၊ နောက်တစ်နေ့နံနက်တွင် ဆန်စက်ရုံးခန်းစာရေးခုံအံဆွဲမှာ ပျက်စီးနေပြီး ငွေများဖောက်ထွင်း ခိုးယူခြင်းခံရကြောင်း သိရသည်။

ထို့ကြောင့် အသည်ကြီးရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ရာ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးလှငွေ၊ မြို့နယ်မှူးဒုရဲမှူးဝင်းကြိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မင်းထွန်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ကြိုးပမ်းမှုကြောင့် ၄၈နာရီအတွင်းမှာပင် ပုသိမ်မြို့ အမှတ်(၁) နယ်မြေ မနောဟရီ ၂လမ်းနေ မောင်မောင်ထွေးနှင့်ဇနီး မလှလှဝင်းတို့ကို ငွေကျပ်သိန်း ၄၀နှင့်အတူ လက်ရဖမ်းဆီးရမိခဲ့သဖြင့် ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံစေတီတော်ကြီးနှင့်ပုံစံတူ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ ကြွရောက်ကြည်ညိုပါရန်

ဖိတ်ကြားစာ

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အုတ်မြစ်တော်စီပေးခဲ့ပြီး မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ပေးနေတော်မူသော မြတ်စွာဘုရားရှင် ပွင့်တော်မူရာ မဇ္ဈိမဒေသအိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့အနီး၌ မြန်မာနိုင်ငံဇာတိ၊ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာဦးဆောင်၍ တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသော သာသနာ့သမိုင်းဝင်မည့် ကမ္ဘာ့အကြီးဆုံး လိုဏ်ဂူစေတီတော်ကြီးဖြစ်သော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို အောက်တွင်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မြန်မာနိုင်ငံမှ စိန်ဖူးတော်အလှူရှင်များ၊ရွှေထီးတော်အလှူရှင်များ၊ ရတနာပေါင်းစုံအလှူရှင်များ၊ ရွှေသင်္ကန်းတော်အလှူရှင်များ၊ သစ်မျိုးစုံအလှူရှင်များ၊ နေပူခံစကျင်ကျောက်ပြားအလှူရှင်များ၊ မဟာဗုဒ္ဓဝင်ပြခန်းဆိုင်ရာ အလှူရှင်များအပါအဝင် အလှူရှင်များသည်လည်းကောင်း၊ကြွရောက်ကြည်ညိုဖူးမြော်ကုသိုလ်ယူလိုကြသူများသည်လည်းကောင်း ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

- ❐ **ရွှေထီးတော်တင်လှူမည့်နေ့** - ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက် (တနင်္ဂနွေနေ့)။
- ❐ **ရွှေထီးတော်တင်လှူပွဲနှင့် အတူဆောင်ရွက်မည့်အစီအစဉ်များ......**

● ၇-၂-၂၀၀၉ ရက်မှ ၉-၂-၂၀၀၉ ရက်ပေါင်းသုံးရက်၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပပါမည်။ ●

- ❐ **ကျင်းပမည့်နေရာ** - ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ရင်ပြင်တော်နှင့် စေတီတော်အောက်ရှိ ပရိသတ်၁၀၀၀၀ ဆံ့ ဓမ္မခန်းမကြီး။
- ● **ဆက်သွယ်စုံစမ်းရန်** - (၁) အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ အမှတ် (၇၇)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၅၃၂၇၊ ၀၁-၂၅၃၆၀၁၊ ၀၁-၂၄၅၂၀၁။
  (၂) ဓမ္မဇောတိဝိပဿနာရိပ်သာ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၉၆၆၀၊ ၀၁-၅၄၉၂၉၀။

၂၀၀၈ခုနှစ် ဇူလိုင် ၃၁ရက် (ကြာသပတေးနေ့) ဓမ္မဇောတိဝိပဿနာရိပ်သာတွင် (၁၂)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲကျင်းပမည်ဖြစ်၍ အလှူရှင်များကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်လက်လှူဒါန်းနိုင်ရန်

စေတီတော်ကြီး၏အထွတ်ဖြစ်သော စိန်ဖူးတော် (ရတနာပစ္စည်းများ)၊ ငှက်မြတ်နားတော် (ရွှေခြောက်ပိဿာ၊ ငွေ၁၀ပိဿာ)၊ ရွှေထီးတော်အတွက် (ရွှေနှင့်ကျောက်မျက်ရတနာပစ္စည်းများ)၊ စေတီတော်ကြီး၏ ငှက်ပျောဖူးတော် (စတုရန်းပေ၁၀၀၀)တွင် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ပါသည်။ တစ်ပေပတ်လည် ခြောက်ကျပ်သားနှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။ သုံးကျပ်သား၊ နှစ်ကျပ်သား၊ တစ်ကျပ်သားကိုလည်း လက်ခံပေးနေပါသည်။

ဆင်တောင်ဆရာတော် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၃

မကွေးမြို့ မြသလွန်ဘုရားအနီး ဇမ္ဗူအေးသာသနာ့ရိပ်သာတွင် သတိပဋ္ဌာန် ဝိပဿနာ တစ်လစခန်းပွဲကို ဩဂုတ် ၂ ရက်မှ ၃၀ရက်အထိ ဆင်တောင်ဆရာတော်ကိုယ်တိုင် ဖွင့်လှစ်ပြသမည်ဖြစ်သည်။ တရားအားထုတ်မည့် ယောဂီများသည် ဇမ္ဗူအေးရိပ်သာ မြသလွန်ဘုရားအနီး မကွေးမြို့ ဖုန်း ၀၆၃-၂၃၄၄၃၊ ၀၆၃-၂၃၉၇၉ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇူလိုင်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင်၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား လူသစ်တန်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲယှဉ်ပြိုင် တနင်္သာရီတိုင်းနှင့်ကရင်ပြည်နယ် ဗိုလ်လုရမည်

တောင်ကြီး ဇူလိုင် ၂၃

၂၀၀၈ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား အသက် ၁၉နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် ရှမ်း(တောင်)အသင်းနှင့် တနင်္သာရီတိုင်းအသင်းတို့သည် ယမန်နေ့ ညနေ ၃ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဒုတိယအကြိုဗိုလ်လုပွဲတွင် ကရင်ပြည်နယ်က ဧရာဝတီတိုင်းကို ငါးဂိုး-လေးဂိုးဖြင့် နိုင်သွားသည်။

တနင်္သာရီတိုင်းအသင်း- တစ်ဂိုး။
(သန့်ဇာနည်ဘိုဘို)
ရှမ်း(တောင်)အသင်း - ဂိုးမရှိ။
အကောင်းဆုံးဆု - သန့်ဇင်(တနင်္သာရီ)

အုပ်စု(ဃ)မှ အုပ်စုဒုတိယဖြင့် တက်ရောက်လာသည့် တနင်္သာရီတိုင်းအသင်းမှာ တစ်ပွဲထက်တစ်ပွဲ ပိုမိုခြေစွမ်းပြ ကစားနိုင်ပြီး ကွာတားတွင် ရှမ်း(မြောက်)၊ ယခုအကြိုဗိုလ်လုပွဲတွင် ရှမ်း(တောင်)တို့ကို အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ တနင်္သာရီအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၅ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူသွားခြင်းဖြစ်သည်။

ရှမ်း(တောင်)နှင့် တနင်္သာရီတို့ အကြိတ်အနယ်။
(မြန်မာ့အလင်း)

ကမ္ဘောဇဘဏ်လီမိတက်မှ ဦးစံမောင်က ရှမ်း(တောင်)အသင်းအား ကျပ်ငါးသောင်း ချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

ပွဲအပြီးတွင် ကမ္ဘောဇဘဏ်မှ ချီးမြှင့်သည့် တစ်သင်းလျှင် ကျပ်ငါးသောင်းစီကို ရှမ်းပြည်နယ်ဘောလုံးအသင်း အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်တရားသူကြီး ဦးဝင်းမြင့်ဦးက တနင်္သာရီတိုင်းကိုလည်းကောင်း၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဦးစံမောင်က ရှမ်း(တောင်)အသင်းကိုလည်းကောင်း၊ အကောင်းဆုံးဆုရ သန့်ဇင်(တနင်္သာရီ)အား အလှူရှင် ဦးခွန်ထွေး(ပြည်တော်သာရပ်ကွက်)က ကျပ်တစ်သောင်းနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ကျပ်ငါးထောင်ကို ပြည်နယ်အားကစားမှူး ဦးစိုးနိုင်က ချီးမြှင့်သည်။

ဇူလိုင် ၂၆ရက် ဗိုလ်လုပွဲ
ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း
(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် အားကစား ဖောင်ပိတ်သတင်း

မန်ယူနှင့်တောင်အာဖရိကကလပ် ကိုင်ဇာချိ(စ်)တို့ သရေကျ

ကိတ်တောင်း ဇူလိုင် ၂၃

၂၀၀၈-၂၀၀၉ ဘောလုံးရာသီအကြို ခြေစမ်းပွဲအဖြစ် အင်္ဂလန်ချန်ပီယံ မန်ယူအသင်း ပြည်ပခရီးစဉ်များထွက်ပြီး ကစားလျက်ရှိရာ တောင်အာဖရိကကလပ် ကိုင်ဇာချိ(စ်)အသင်းနှင့် ကိတ်တောင်းမြို့တွင် ဇူလိုင် ၂၂ရက်က တစ်ဂိုးစီသရေကျခဲ့သည်။

ပါဝင်ကစား

မန်ယူအသင်း၌ **ဂိုး-**ကူဇက်၊ **နောက်တန်း-**နဗီးလ်၊ ဘရောင်း၊ ဗီဒစ်နှင့် အိုရှီးယား၊ **အလယ်တန်း-**ဖလက်ချာနှင့် ပေါလ်စခိုး၊ တောင်ပံများ၌ ဂစ်နှင့် အက်လက်စ်၊ **ရှေ့တန်း**တွင် တီဗက်ဇ်နှင့် ရွန်နေတို့ ပါဝင်ကစားခဲ့ကြသည်။ အရန်လူများအဖြစ် အမို့စ်၊ ဖာဒီနန်၊ အီဗင်၊ ဆမ်ပဆင်၊ ဆီးလ်ဗာစတာ၊ ဂီဆင်၊ မာတင်နှင့် ကမ်းဘဲလ်တို့လျာထားခဲ့သည်။

ကိုင်ဇာချိ(စ်)အသင်းအတွက်ဂိုးကို ၃၇ မိနစ်၌ ဂျိုနသန်ကွာတေးက သွင်းယူပေးခဲ့ပြီး မန်ယူအတွက်ချေပဂိုးကို ၅၉ မိနစ်၌ တိုက်စစ်မှူး တီဗက်ဇ်က သွင်းယူပေးခဲ့သည်။

အယ်လ်အေအိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီရီနာဝီလျံ ဒူးဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်ရ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၃

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဇူလိုင်၂၂ရက်က ကျင်းပသည့် အမျိုးသမီး အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဆီရီနာဝီလျံ ဝဲဘက်ဒူး ဒဏ်ရာရရှိခဲ့သဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။**(အောက်ပုံ)**

အသက်၂၆နှစ်အရွယ်ရှိ ဆီရီနာဝီလျံသည် ယခုကဲ့သို့ ဒူးဒဏ်ရာရရှိခဲ့သဖြင့် လာမည့် ဩဂုတ်၈ရက်၌ စတင်ကျင်းပမည့် ၂၀၀၈ ပေကျင်း အိုလံပစ်ပြိုင်ပွဲနှင့် လွဲဖွယ်ရှိကြောင်း သိရသည်။

အဲဗာတန်တိုက်စစ်မှူးဂျွန်ဆင် ဖူလ်ဟမ်သို့ပြောင်းရွှေ့မည်

လန်ဒန် ဇူလိုင် ၂၃

အဲဗာတန်တိုက်စစ်မှူး အင်ဒရူးဂျွန်ဆင် **(ယာပုံ)**ကို ဖူလ်ဟမ်အသင်းက ပေါင် ၁၀ ဒသမ ၅သန်းဖြင့် ခေါ်ယူမှုကို ဇူလိုင် ၂၃ ရက်က တရားဝင်လက်ခံလိုက်ရာ ဖူလ်ဟမ်သို့ ဂျွန်ဆင်ပြောင်းရွှေ့ရေး သေချာသွားပြီဖြစ်သည်။

အသက် ၂၆နှစ်အရွယ်ရှိ ဂျွန်ဆင်ကို ဝီဂန်နှင့်ဆန်းဒါးလန်းအသင်းတို့ကလည်း ခေါ်ယူရန် ကြိုးစားခဲ့ကြသည်။ သို့သော် ဖူလ်ဟမ်အသင်း၏ဈေးပေးမှုကို အဲဗာတန်က လက်ခံလိုက်ပြီဖြစ်ရာ အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးကြရန်သာရှိတော့သည်။

စပိန်ဆယ်ကျော်သက်ကစားသမားမင်ဒီ လီဗာပူးက အလွတ်ပြောင်းရွှေ့မှုဖြင့်ခေါ်ယူ

လန်ဒန် ဇူလိုင် ၂၃

လီဗာပူးအသင်းသည် စပိန်တတိယတန်း ကလပ်အသင်း မူရာစီရာဒီပို့ရာတီဗိုမှ ဆယ်ကျော်သက် နောက်တန်းညာအစွန်ကစားသမား အီမြူရယ်မင်ဒီအား ဇူလိုင်၂၃ရက်က စာချုပ်ရေးထိုးခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၁၈ နှစ်အရွယ် မင်ဒီအား လီဗာပူးကအလွတ်ပြောင်းရွှေ့မှုဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး လီဗာပူးအတွက် ယခုနှစ်၌ အသက်အငယ်ဆုံးဘောလုံးသမားကို ခေါ်ယူခဲ့ခြင်းလည်းဖြစ်သည်။

ပျိုးပင်များ ပျိုးထောင်

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ခရိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးလှမျိုးက ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းက လိုက်လံပြသစဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘောသင့်ဒေသသို့ စေတနာဝေဖြာသည့် ခရီးတစ်ခေါက်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-မော်ကျွန်းမြင့်အောင်(ပြန်/ဆက်)　　စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း(မြန်မာ့အလင်း)

လေဘောသင့်ဒေသတစ်ခုသို့ ပစ္စည်းထောက်ပံ့လှူဒါန်းပွဲ တက်ရောက်ပါရန် အမှတ်မထင် ဖိတ်ကြားခံရသည်။ သွားရမည့်ပွဲမှာ လေဘောသင့်တရုတ်စု ကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသူကျောင်းသား ကလေးများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာလှူဒါန်းမည့်ပွဲဟု သိရသည်။

ဤမြတ်သောအလှူပွဲ၏ မြင်ကွင်းများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခံစားလိုသည်။ သွားချင်သည့် ဆန္ဒလည်းပြင်းပြင်းပြပြရှိနေသည်။ အခမ်းအနားကိုဇူလိုင် ၁၅ရက် မွန်းလွဲ၁နာရီတွင် ကျင်းပခဲ့သည်။

ထိုနေ့က စာရေးသူတို့ စီးနင်းလိုက်ပါသည့် ဇီဝကရေယာဉ်သည် အရှိန်ပြင်းပြင်းဖြင့် ခရီးနှင်နေသည်။ မြောက်ဘက်သို့ ဦးတည်နေသော ဇီဝကသည် မော်လမြိုင်ကျွန်းမြို့ကို လက်ပြနှုတ်ဆက်ပြီး ၁၀မိနစ်ပင် မပြည့်သေး ရေလိမ်ကျေးရွာသို့ ချိုးဝင်နေပြီဖြစ်သည်။ စာရေးသူတို့အဖွဲ့သည် လန်းဆန်းသော နံနက်ခင်း၏ အရသာကို ခံစားပြီးမှ ခရီးဆက်လာကြရာ လမ်းခရီးတွင် ရေလိမ်၊ မမွေးကျွန်း၊ ငွေးကုန်း၊ မယ်တလိုင်းကျေးရွာများ၏ လယ်ယာကဏ္ဍ မျက်နှာစာ မြင်ကွင်းများကို တွေ့မြင်ရသည်။ စက်စွမ်းအား လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေကြသူများ ကျွဲ၊ နွား အင်အားဖြင့် ထွန်ယက်နေကြသူများကိုလည်း တွေ့ရသည်။ အချို့လယ်ယာစိုက်ကွင်းတို့တွင် ကောက်စိုက်လုံမေများက ကောက်စိုက်နေပြီဖြစ်သည်။

အခုတော့ လွယ်အိတ်ကိုယ်စီနဲ့ စာသင်ခန်းဆီသွားနေတာ မြင်ရတော့ သိပ်ပျော်သွားပြီ။

ဦးဝင်းတင်
ကျောင်းကော်မတီဝင်။

သူငယ်ချင်းများနှင့် အတူ ကျောင်းပြန်တက်ရပြီး ကျောင်းဝတ်စုံနဲ့ စာရေးကိရိယာတွေလည်း ရတယ်ဆိုတော့ သမီးသိပ်ပျော်သွားတာပဲ။

မပန်းအိလှိုင်
(စတုတ္ထတန်းကျောင်းသူ)
တရုတ်စု အမက။

မြင်ကွင်းတစ်လျှောက် စိမ်းစိုသော ကမ္ဘာလာစိမ်းကြီးများက ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်နေသည်။ လယ်ယာပြင် အနှံ့ကြိုတင်နေရာယူထားသောစိုက်ပျိုးပြီး ကောက်ပင်ပျိုတို့သည် လေယူရာ ယိမ်းနွဲ့လှုပ်ရှား ကကြိုးဟန်ချီ ကဟန်ညီသည့် ယိမ်းသမလေးများနှယ် မြူးတူးပျော်ပါးစပြုနေသည်။ ဝမ်းသာ အားတက်စရာကောင်းလိုက်သည့်မြင်ကွင်းများ....။

စာရေးသူသည် ရေလွှာပြင်ပေါ်တွင် အားနှင့် မာန်နှင့်ပြေးလွှားနေသော ဇီဝကကိုပင် ဂရုမထားအား။ မြသားရောင် စိမ်းစိုသစ်လွင်သော လယ်ယာစိုက်ခင်း ကျယ်ကြီးနှင့် မြစ်ပြင်ကျယ်တွင် ဝမ်းစာအတွက် ငါး၊ ပုစွန် ရှာဖွေနေကြသူများ ဆီသို့သာ စိတ်အာရုံရောက်ရှိနေသည်။ ခံစားကြည့်နေမိသည်။ အချိန်သည် မည်မျှအထိ ကြာညောင်းသွားသည်မသိ။ ဇီဝက ပွဲထောင်ရေယာဉ်သည် ပြေးနေရာမှ မာန်ကို လျှော့ချပြီး အရှိန်သပ်လိုက်တော့မှ တရုတ်စု ကျေးရွာသို့ ရောက်ရှိနေမှန်း သိတော့သည်။

တရုတ်စုသည် မော်လမြိုင်ကျွန်းမြို့နယ် အောက်မအူတုံးကျေးရွာအုပ်စုအတွင်း ပါဝင်သည်။ တရုတ်စုဟု ဆိုလိုက်လျှင်ပင် တရုတ်စု၊ ကုန်းထန်း၊ ကျွန်းကြားတို့မှာ တစ်ဆက်တည်းဖြစ်သည်။ အညာ ပုံသဏ္ဌာန် ရွာဝိုင်းကြီးဖြစ်ပြီး အိမ်ခြေ ၂၁၄ အိမ်၊ လူဦးရေ၁၀၀၅ဦးနေထိုင်ကြသည်။ ကျေးရွာသားများပြောပြချက်အရ ကျေးရွာ တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း ၉၉နှစ်ရှိပြီး ရွာတည်စက တရုတ်လူမျိုးများ တစ်စုတစ်ဝေးတည်းနေထိုင်ခဲ့သော ကျေးရွာဖြစ်သောကြောင့် တရုတ်စုဟုခေါ်ဆိုခြင်းဖြစ်သည်ဟု သိရပေသည်။

နာဂစ်မုန်တိုင်းဝင်ရောက်စဉ်က နာဂစ်သည် တရုတ်စုကိုလည်း သက်သာခွင့်မပေးခဲ့။

တရုတ်စု မူလတန်းကျောင်းသူကျောင်းသားများအား လက်ဝယ်အရောက်လှူဒါန်းထားသည့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့်အတူ တွေ့ရစဉ်။

တရုတ်စုပြည်သူတို့မှာ မုန့်တိုင်းဒဏ် ခံစားခဲ့ရသည်။ ထိုအထဲတွင် တရုတ်စုကျေးရွာ အမှတ်(၂၇)အခြေခံပညာမူလတန်းကျောင်းလည်း ပါဝင်သည်။ နာဂစ်ဒဏ်ကြောင့် မူလတန်းကျောင်းမှာ မြေပေါ်တွင် ပြားပြားဝပ် လုံးဝပြိုလဲပျက်စီးခဲ့ရသည်။

သို့သော်လည်း လေဘောသင့်မူလတန်းကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ကြားရေး အခက်အခဲမရှိအားလုံး အဆင်ပြေသည်။ စာသင်ခွင်မပျက် ကြိုတင် စီမံပေးထားသည်။ ကျောင်းဖွင့်လျှင်ပင် မူလတန်းကျောင်းနေရာ၌ ရွက်ဖျင်တဲ သုံးလုံးကကြိုတင် နေရာယူထားသည်။ စာကျက်သံ၊ စာအံသံများဖြင့် သင်ကြားမှု အရှိန်အဟုန်မပျက် ခရီးဆက်နိုင်ခဲ့သည်။

ထိုအထဲတွင် မေတ္တာ၊ စေတနာကြီးမားသော တရုတ်စုကျေးရွာရတနာပုံကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏဇေက လေဘောသင့် ကျောင်းသူကျောင်းသားများအတွက် ဘုရားတန်ဆောင်းတော်ကို ချက်ချင်းတံခါးဖွင့်ပေးခဲ့သည်။ ပညာသင်ကြားနိုင်ရန် ဖြည့်ဆည်း ကူညီပေးခဲ့သည်။

မြန်မာတို့သည် အရေးကြီးလျှင် သွေးနီးကြသည်။ အချိန်နှင့်အဆက်ပြုစရာမလို၊ တူညီသော အကြင်နာလက်များ တစ်ပြိုင်တည်း ဆန့်တန်းပြီးသား ရှိနေသည်။ မိမိတို့ စွမ်းအားရှိသမျှ ဒေသအဆက်အသွယ်များဖြင့် လက်ဝယ်အရောက် ပံ့ပိုးကူညီလှူဒါန်းကြသည်။ အားနည်းသူကို ဖေးမလက်တွဲခေါ်ကြသည်။ ဤသည်တို့မှာ မြန်မာတို့၏ ချစ်စရာကောင်းသော အမျိုးသားရေး စိတ်ဓာတ်များပင် ဖြစ်သည်။

ထို့ကြောင့်လည်း အချိန်တိုကာလအတွင်း ယခင်ကထက် ပိုမိုတိုးတက်သော ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြင့် အစားထိုးပြီး စွမ်းအားညီညီအားမာန်ချီ၍ ပြန်လည်ထူထောင် တည်ဆောက်ခဲ့ကြသည်။ အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့ကြသည်။ သွေးတိုးစမ်းစိန်ခေါ်သူ နာဂစ်ကိုပင် မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ် အမျိုးသားရေး အားမာန်များဖြင့် အလဲထိုး အနိုင်ယူခဲ့သည်။

စာရေးသူတို့အဖွဲ့ ဘုရားတန်ဆောင်းအတွင်းသို့ ရောက်သောအချိန်မှာ မွန်းလွဲ ၁နာရီရှိနေပြီ ဖြစ်သည်။ မူလတန်းကျောင်းသူကျောင်းသားများကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် ဆရာမ ဒေါ်သက်မာဦးက ကဗျာတိုလေးတစ်ပုဒ်ကို ဟန်အမူအရာဖြင့် သရုပ်ဖော်သင်ကြားနေသည်။ ကဗျာလေးက "ကိုဝလုံး" ကဗျာဖြစ်သည်။ ကဗျာစာသားတစ်ပိုင်းတစ်စကိုလည်း မှတ်သားမိပါသည်။

လာပါဦး လာပါဦး၊ အဆွေကိုဝလုံး
ကိုဝလုံးလေး ကတုံးတို
မျက်နှာပြုံးချိုချို
ပြုံးချိုချိုမို့လာပါဦး၊ အဆွေကိုဝလုံး

ဟူ၍ဖြစ်သည်။ ဆရာမ၏ သင်ကြားမှုအပေါ် ကျောင်းသူကျောင်းသားများ စိတ်ဝင်တစားရှိကြသည်။ သံပြိုင်လိုက်၍ ရွတ်ဆိုနေကြသည်။

"ကိုဝလုံးကဗျာ"ကို ဟန်အမူအရာဖြင့် စိတ်ပါလက်ပါသရုပ်ဖော်သင်ကြားနေစဉ်။

ဆရာမဒေါ်သက်မာဦး
တရုတ်စု မူလတန်းကျောင်း။

စာရေးသူတို့အဖွဲ့ တရုတ်စုကျေးရွာသို့ လာရောက်ရခြင်းမှာလည်း လေဘောသင့် တရုတ်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းသူကျောင်းသားများအတွက် ထေရဝါဒဗုဒ္ဓ တောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တတေဇိန္ဒာစာရက စေတနာဝေဖြာသော မြတ်သော အလှူအဖြစ် လာရောက်လှူဒါန်းခြင်း ဖြစ်သည်။

သာသနာပြုဆရာတော်မှာ သက်တော် ၄၀၊ သိက္ခာတော် ၀၊(၂၀)ရှိသည်။ ရွှင်ပြုံးသောမျက်နှာထားဖြင့် သဘောကောင်းလှသည်။ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၃)ရပ်ကွက် အောင်သုခ ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးသည်။

ယခုမှု တရုတ်စုကျေးရွာတွင် မွန်မြတ်သော အလှူအဖြစ် ဆရာတော်က လေဘောသင့်ကျောင်းသူ ကျောင်းသား ၁၁၃ ဦးတို့အားကျောင်းဝတ်စုံတစ်စုံစီ၊ ကျောင်းသုံးဗလာစာအုပ်တစ်ဒါဇင်စီနှင့် ခဲတံနှစ်ချောင်းစီ လှူဒါန်းသည့်အပြင် ဆရာ ဆရာမငါးဦးတို့အား ကျောင်းဝတ်စုံတစ်စုံစီပါ လှူဒါန်းသည့်ပွဲ ဖြစ်သည်။

ထေရဝါဒဗုဒ္ဓတောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တတေဇိန္ဒာစာရက တရုတ်စု မူလတန်းကျောင်းသူကျောင်းသားများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းစဉ်။

ဤပွဲမှာ မိမိတို့ ရင်သွေးငယ်များ၏ လိုအပ်ချက်ဖြစ်သော ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ဖြည့်ဆည်းလှူဒါန်းပေးသဖြင့် ကျေးရွာပြည်သူများက ဆရာတော်နှင့် စီစဉ်သူအားလုံးတို့ကို ကျေးဇူးတင်ရှိနေကြသည်။ ဝမ်းသာပျော်ရွှင်နေကြသည်။

အခမ်းအနားတွင် လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများကို ထေရဝါဒဗုဒ္ဓ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တတေဇိန္ဒာစာရနှင့်အတူ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးခင်ရှိန်တို့က တရုတ်စု မူလတန်း ကျောင်းသူကျောင်းသားတစ်ဦးချင်းအား ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားပြီးတော့ စာရေးသူလည်း အချိန်ရခိုက် စတုတ္ထတန်းကျောင်းသူ မပန်းအိလှိုင်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

သမီးက တရုတ်စုမူလတန်းကျောင်းက စတုတ္ထတန်းကျောင်းသူပါ၊ မုန်တိုင်းကျပြီး သမီးတို့ကျောင်း ပြိုလဲသွားတယ်ကြားတော့ သမီးစိတ်ထိခိုက်မိတာ အမှန်ပါပဲ။ ကျောင်းဖွင့်ရင် ကျောင်းတက်ဖို့ အဆင်ပြေပါ့မလားပေါ့ဆိုပြီး စိတ်ပူမိပါတယ်။ အခုတော့ သူငယ်ချင်းများနဲ့အတူကျောင်းလည်း ပြန်တက်ရပြီး ကျောင်းဝတ်စုံနဲ့ စာရေးကိရိယာတွေလည်း ရတယ်ဆိုတော့ သမီး သိပ်ပျော်သွားတာပဲ၊ စီစဉ်သူအားလုံးကို သိပ်ကျေးဇူးတင်ပါတယ်ဟု ပြောပြသွားသည်။

စာရေးသူ နောက်ထပ်တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးမှာ တရုတ်စုကျေးရွာ ကျောင်းကော်မတီဝင် ဦးဝင်းတင် ဖြစ်သည်။

"ကျွန်တော် မုန်တိုင်းကျပြီးနောက် နေ့မနက်မှာ သွားကြည့်တော့ တရုတ်စု စာသင်ကျောင်းပြိုကျနေတာ မြင်ရတော့တယ်၊ ကျွန်တော့်ရင်ထဲလည်း ဆို့နင့်သွားတာပဲ၊ ကလေးတွေတော့ ကျောင်းတက်ဖို့ အဆင်ပြေပါ့မလား ဆိုပြီး စိတ်ပူမိတယ်၊ အခုတော့ လွယ်အိတ်ကိုယ်စီနဲ့ စာသင်ခန်းဆီ သွားနေတာ မြင်ရတော့ ကျွန်တော် သိပ်ပျော်သွားပြီ။ ကလေးတွေ ပညာရည် မြင့်မားတိုးတက်ဖို့ စုပေါင်းတိုင်ပင်ပြီး စွမ်းဆောင်ကြဖို့ စိတ်ကူးထားပါတယ်"ဟု ရှင်းလင်းပြောပြသည်။

အခမ်းအနားရုပ်သိမ်းပြီးသောအခါ ရတနာပုံကျောင်းခန်းမတွင် ကျောင်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများနှင့် ကျေးရွာပြည်သူများ စုံစုံညီညီ ရောက်ရှိနေကြပြီး ကျေးရွာပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။ အကြံပြုကြသည်။ အမြင်ချင်း ဖလှယ်ကြသည်။ သူတို့ စကားဝိုင်းကလေးက စိုစိုပြည်ပြည်ပင်။

တရုတ်စုတွင်ကျင်းပသည့် မြတ်သော အလှူပွဲသည်ကား စုစည်းညီညွတ်မှု စွမ်းအား၊ စိတ်ဓာတ်မြှင့်တင်မှုစွမ်းအား၊ ပျော်ရွှင်အားတက်မှု စွမ်းအားများကို ပေးဆပ်သည်သာမက စေတနာရှင်များ၏ တူညီသော အကြင်နာလက်များကို ဆန့်တန်းကာ လေဘောသင့်ဒေသ အရောက် သွားရောက်လှူဒါန်းသည့် စေတနာဝေဖြာသည့် ခရီးတစ်ခေါက်သာဖြစ်ပါကြောင်း ဆန္ဒပြု ရေးသားဖော်ပြလိုက်ရပါသည်။ ။

တရုတ်စုကျေးရွာ လယ်ယာစိုက်ကွင်းများတွင် ရွှေလက်ပိုင်ရှင်ကောက်စိုက်လုံမေများက ကောက်စိုက်နေကြစဉ်။

(၈၇)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

တပ်ကြပ်ကြီးမြင့်လွင် (လူမှုထူးချွန် ပထမဆင့်) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်း မန္တလေးမြို့ **(အပေါ်ပုံ)**သည် ဇူလိုင် ၁၅ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၈၇) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မန်စီမြို့နယ်စည်ပင် မြို့ရေပေးရေးဆောင်ရွက်

မန်စီ ဇူလိုင် ၁၀

မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မန်စီမြို့ မောရဝတီရပ်ကွက်တွင် နှစ်လက်မစက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းနှင့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်ဆောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၅ ရက်က ခရိုင် အမှုဆောင်အရာရှိ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရိဒ်ခေါဒါရ်မြို့၌ အရိပ်ရပင်များ စိုက်ပျိုး

ဖလမ်း ဇူလိုင် ၁၅

၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် ရိဒ်ခေါဒါရ်မြို့ စည်ပင်သာယာရေးအဖွဲ့သည်အမှတ်(၂)ရပ်ကွက်မြို့တွင်း လမ်းတစ်လျှောက်တွင် အရိပ်ရပင် ၂၀၀ စိုက်ပျိုးခြင်းကို ဇူလိုင် ၁၀ရက်က တာဝန်ခံ အမှုဆောင်အရာရှိ ဦးအာလ်လျန်ထန်း၏ ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးလေးနှင့် အဖွဲ့ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၈ / ၂၀၀၈
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်
(၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

စဉ်	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က)	လက်ထောက်မန်နေဂျာ	၃ နေရာ -	ဓာတုအင်ဂျင်နီယာဘွဲ့ **[B.E (Chemical)]** (သို့မဟုတ်) သိပ္ပံဘွဲ့ (ဓာတုဗေဒ) **[B.Sc (Chemistry)]**
(ခ)	လက်ထောက်မန်နေဂျာ(ငွေစာရင်း)	၁ နေရာ -	ဝါဏိဇ္ဇဘွဲ့ **(B.Com)** (သို့မဟုတ်) စာရင်းကိုင်ပညာဘွဲ့ **(B.Act)**

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၄-၈-၂၀၀၈နေ့တွင် အသက် ၃၅နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀)ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) အပိုဒ် ၁၊ (က)ပါ ရာထူးအတွက် လုပ်ငန်းသဘာဝအရ **အမျိုးသား**ဖြစ်ရမည်။

၃။ လျှောက်လွှာကို **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး ၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ၁၄-၈-၂၀၀၈နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်ချောပို့ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀၀/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေ၊နှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၈-၅-၂၀၀၇ရက်စွဲပါ စာအမှတ်၊ ၆၉၆/ရွေးချယ်ရေး(အဓိက)/၂၀၀၇ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်**ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်**တွင်ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ၁၄-၈-၂၀၀၈နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၆-၉-၂၀၀၈နေ့နှင့် ၇-၉-၂၀၀၈နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။၄-၉-၂၀၀၈ နေ့မှစ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ ကြော်ငြာပါရာထူးများတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ **သတ္တုတွင်းဝန်ကြီးဌာန၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့်** "သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၁၉) နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၂၃၂)" သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၀)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့်လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော csstb.imis. com.mm နှင့် www.csstb. gov.mm တွင်လည်း ဖော်ပြထားပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၉ / ၂၀၀၈
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်
(၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

၁။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်-

ရာထူး	လစ်လပ်	ပညာအရည်အချင်း
ဌာနခွဲမှူး(ဘဏ္ဍာရေး)	နေရာ ၂၀	မဟာဝါဏိဇ္ဇဘွဲ့ **(M.Com)**/စာရင်းကိုင်ပညာမဟာဘွဲ့ **(M.Act)** / လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အောင်လက်မှတ်**(C.P.A)** ရရှိသူ (သို့မဟုတ်) ဝါဏိဇ္ဇဘွဲ့ **(B.Com)** / စာရင်းကိုင် ပညာဘွဲ့ **(B.Act)**ရရှိပြီး အစိုးရဌာနတစ်ခုခုရှိ ဘဏ္ဍာရေးဌာနတွင် လုပ်သက်(၃)နှစ်အထက် အတွေ့အကြုံရှိပြီး လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းဖြစ်သူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး စာရင်းကိုင်ဒီပလိုမာလက်မှတ် **(D.A)** ရရှိသူ ဖြစ်ပါက အစိုးရဌာန တစ်ခုခုရှိ ဘဏ္ဍာရေး ဌာနတွင် လုပ်သက် (၅)နှစ်အထက် အတွေ့အကြုံရှိပြီး လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းဖြစ်သူ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၄-၈-၂၀၀၈နေ့တွင် အသက်၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀)ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) အစိုးရဌာနတစ်ခုခုရှိ ဘဏ္ဍာရေးဌာနတွင် လုပ်သက် (၃)နှစ်နှင့် (၅)နှစ်အထက်အတွေ့အကြုံရှိရန် လိုအပ်သော လျှောက်ထားသူများသည် သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာကို **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ၁၄-၈-၂၀၀၈ နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်ချောပို့ (သို့မဟုတ်) မှတ်ပုံတင်စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၈-၅-၂၀၀၇ရက်စွဲပါ စာအမှတ် ၆၉၆/ရွေးချယ်ရေး(အဓိက) /၂၀၀၇ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်**ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်**တွင် ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာ တစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှ တစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ၁၄-၈-၂၀၀၈နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၆-၉-၂၀၀၈နေ့နှင့် ၇-၉-၂၀၀၈နေ့များတွင်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၄-၉-၂၀၀၈နေ့မှစ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)နေပြည်တော်တွင် ဖြေဆိုခွင့် ကတ်ပြားများကို ထုတ်ပေးမည်။

၈။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ **အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့်** "အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (တယ်လီဖုန်းအမှတ်-၀၁-၂၂၉၁၄၄ နှင့် ၀၁-၂၁၄၆၄၂)" သို့ လူကိုယ်တိုင် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၀၅၂နှင့် ၀၆၇-၄၀၉၄၃၀)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့်လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော csstb.imis.com.mm နှင့် www.csstb.gov.mm တွင်လည်းဖော်ပြထားပါသည်။

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အေးစေတီလမ်းပေါ်တွင် အုတ်ခုံခံသံကူကွန်ကရစ်တံတားနှစ်စင်းဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဟားခါးမြို့၌ လက်ဖက်ပင်များ အစားထိုးစိုက်ပျိုး

ဟားခါး ဇူလိုင် ၁၈

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝင်းနှင့် အဖွဲ့ပိုင်ပန်းခြံ၊ ခြံစည်းရိုးပတ်လည်တွင် လက်ဖက်ပင်များ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းကို ဇူလိုင် ၁၅ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ကျိန်ရှင်းနဲမ်ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးတမ်အောင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

စက်ကြီးပန်းထိုးသည် သင်တန်းသားလက်ခံသည်
တိုက် ၁၁၊ D3 မဟာမြိုင်အိမ်ရာ
ဦးဝိစာရလမ်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၅၈၆၉၁၂။

ပျောက်ဆုံးခြင်း
ယာဉ်အမှတ် န/၇၅၆၃၏ အခွန်ကျေ ပုံစံ(၁) အစိမ်းရောင်စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၇၁၀၂၂၆။



(ကမ-၃)မိတ္တူလျှောက်ထားခြင်း
မော်တော်ဆိုင်ကယ်အမှတ် မက/၂၁၅၆၀ YinXing 110ယာဉ်လက်ဝယ်ရှိသူဦးသန်းလှ ၁၂/လမန(နိုင်)၀၉၈၃၉၆ကယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန(ခရိုင်ရုံး)ပခုက္ကူ။

သမီးအဖြစ်မှစွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း
၁၁-၇-၂၀၀၈ရက်ထုတ်ဤသတင်းစာပါ မကြည်ကြည်စိုး ၁၂/ဗဟန(နိုင်)၀၁၇၂၂၁ အား သမီးအဖြစ်မှစွန့်လွှတ်ခြင်းကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။
**ဦးစိုးမြင့်-ဒေါ်သိန်းသိန်းကြည်
၃၆၁ ရွှေဝါလမ်း
ငါးထပ်ကြီးတောင်ရပ်ကွက်
ဗဟန်းမြို့နယ်။**

မွေးသက္ကရာဇ်အမှန်
ဦးဇော်ထွန်း၏ သား အထက ကျောက်တံတား(X)Cမှ မောင်ရဲသီဟ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၈-၉-၁၉၉၃ ဖြစ်ပါကြောင်း။
မောင်ရဲသီဟ။

ပွဲစားမလို
**အိမ်စီးကားရောင်းမည်
(Sunny Pickup 82)
ရောင်းဈေး ကျပ်၁၂၅သိန်း
ဖုန်း-၅၀၅၈၉၂။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် မကန/၂၀၈၂၅ ကန်ဘိ Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးတူးမိုင် ၁/မကန(နိုင်)၁၀၅၁၈၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။

အများသိစေရန်ကြေညာခြင်း
ဒေါ်တင်တင်လှ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/သဃက(နိုင်) ၀၉၇၅၃၁ ပိုင်ဆိုင်သည့် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ တိုက်(၁)၊ မြေညီထပ် အခန်း(၁)နှင့် ပတ်သက်၍ ၂၆-၅-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်တိုင်း ဂျီအီးစီအသင်းစုမှ ကြေညာခဲ့ပါသည်။ ၁၅-၇-၂၀၀၈ရက်တွင် ဒေါ်တင်တင်လှနှင့် ဤဂျီအီးစီအသင်းစုတို့ စာရင်းရှင်းလင်းပြီးဖြစ်၍ အဆိုပါတိုက်ခန်းကို ဒေါ်တင်တင်လှ၏ ဆန္ဒအရ ဆောင်ရွက်နိုင်ကြောင်း ပြန်လည်ကြေညာအပ်ပါသည်။
**ဦးစိန်ဝင်း(အုပ်ချုပ်မှုဒါရိုက်တာ)
ရန်ကုန်တိုင်းဂျီအီးစီအသင်းစုလီမိတက်
အမှတ် ၁၂၈ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့။**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈က/၇၂၉၈ တိုယိုတာ တိုယိုအေ့စ်လိုက်ထရပ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းရီ ၁၃/လရန(နိုင်)၀၈၆၂၄၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ပြည်နယ်ရုံး(လားရှိုး)။**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်၌ ဒိုလီဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုနောက် နေအိမ်များပျက်စီးပြီး ရေလွှမ်းမှုများဖြစ်ပေါ်

မြန်မာ့အလင်း
သဘာဝဘေး
အင်တာနက်
ဟောင်ပိတ်သတင်း

တက်ဆက်စ် ဇူလိုင် ၂၃

အမေရိကန်နိုင်ငံ တက်ဆက်စ်ပြည်နယ်နှင့်မက္ကဆီကိုနိုင်ငံနယ်စပ်ဒေသ၌ ဇူလိုင် ၂၃ ရက် ဒေသစံတော်ချိန် နံနက်၉နာရီမှစတင်ကာ ဒိုလီအမည်ရှိ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

ပျက်စီး

အဆိုပါ ဟာရီကိန်းမုန်တိုင်းဒိုလီသည်တစ်နာရီလျှင်၉၅ မိုင်နှုန်းတိုက်ခတ်ခဲ့သည့်အပြင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အမေရိကန်နိုင်ငံ တက်ဆက်စ်ပြည်နယ်နှင့် မက္ကဆီကိုနိုင်ငံ ရီရိုဆန်ဖာနန်ဒိုဒေသများတွင် နေအိမ်များပျက်စီးပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

စာမျက်နှာ ၆ ကော်လံ ၅ ■



နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဇူလိုင် ၂၃

သံလွင်မြစ်ရေသည် ယနေ့မွန်းတည့်ချိန်တွင် ဘားအံမြို့၌ ၇၀၄ စင်တီမီတာသို့ ရောက်ရှိနေကာ အဆိုပါမြစ်ရေသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ၁ စင်တီမီတာနှုန်းဖြင့် ဖြည်းညင်းစွာမြင့်တက်နေပြီးနောက် ၄၈ နာရီအတွင်း ဘားအံမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

24-7 (20).pmd 1 7/25/2008, 1:56 AM